ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 9 July 2019 ၉၇၀၅

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



**အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ပထမနေ့ကျင်းပစဉ်။**



**ကြေးမုံ ယနေ့ ဖတ်စရာ**

- ရွေးကောက်ပွဲများတွင် အားလုံးပါဝင်မှုမြှင့်တင်ရေး ပံ့ပိုးရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပ စာမျက်နှာ » ၅
- ဘာသာစကားဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် ခေတ်ပညာတတ်လူငယ်များ မွေးထုတ်ပေးရာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် စာမျက်နှာ » ၆
- တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် စာမျက်နှာ » ၁၀



ကြေးမုံ

# ဂုဏ်ယူဖွယ် ယဉ်ကျေးမှုအမွေအနှစ်

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၁၀ ရက်အထိ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO) ၏ (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေး၌ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ဇူလိုင်လ ၆ ရက်က သတ်မှတ်လိုက်ကြောင်း ကြားသိရသဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

တည်ရှိနေဆဲဖြစ်သော (သို့မဟုတ်) ကွယ်ပျောက်သွားခဲ့သော ယဉ်ကျေးမှုဓလေ့ (သို့မဟုတ်) မြို့ပြယဉ်ကျေးမှုတစ်ခု၏ အတုမရှိမှု (သို့မဟုတ်) ပြယုဂ်တစ်ခုအနေဖြင့် ကျန်ရှိနေမှု၊ လူ့သမိုင်းတွင် သိသာထင်ရှားရသောအဆင့်အတန်း (သို့မဟုတ်) ထို့ထက်ပိုစွာ ဖော်ပြပေးသော အဆောက်အအုံပုံစံများ၊ ဗိသုကာလက်ရာနည်းပညာဆိုင်ရာ အစိတ်အပိုင်းများ၊ ရေမြေဒေသများ၊ လူသားအားလုံး အသိအမှတ်ပြုလက်ခံနိုင်သောအရေးပါထင်ရှားမှုများ၊ ရှင်သန်နေဆဲထုံးဓလေ့များ၊ အတွေးအခေါ်များ၊ ယုံကြည်မှု၊ အနုပညာ၊ စာပေလက်ရာများဖြင့် ဆက်စပ်ဖြစ်ပျက်ခဲ့မှုများစသည့် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးများဖြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့တင်ပြခဲ့ရာ ယခုကဲ့သို့ အသိအမှတ်ပြုခံရခြင်းဖြစ်သည်။

မြန်မာ့မြေပေါ်တွင် သမိုင်းမတင်မီရှေးဦးကာလကတည်းက မြို့ပြဖွံ့ဖြိုးမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့မှုများကို မပျောက်ပျက်သေးသော ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် သက်သေထင်ရှားပြနေပါသည်။ မြန်မာနိုင်ငံရှိ မပျောက်ဆုံးသေးသော ရှေးဟောင်းအမွေအနှစ်များတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ယနေ့ထက်တိုင် သက်ဝင်လှုပ်ရှားမှုအရှိဆုံးအမွေအနှစ်ဟု ဆိုချင်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးများနှင့်ကိုက်ညီသကဲ့သို့ မြန်မာတို့ ယနေ့ထက်တိုင် လက်ခံအသိအမှတ်ပြုဆဲဖြစ်သော ယဉ်ကျေးမှုစံနှုန်းများနှင့် ထုံးမွမ်းလွှမ်းခြုံနေဆဲဖြစ်ပါသည်။ ပုဂံယဉ်ကျေးမှု၊ ပုဂံဓလေ့ထုံးစံများကို မြန်မာတို့ ယနေ့ထက်တိုင် မြတ်နိုးတန်ဖိုးထားအသုံးပြုနေဆဲ ဖြစ်ပါသည်။

ယဉ်ကျေးမှုအမွေအနှစ်များကို များသောအားဖြင့် မြေအောက်မှ ဖော်ထုတ်လေ့ရှိပြီး မြေပေါ်တွင် အထင်အရှားရှိနေသော ရှေးဟောင်းအမွေအနှစ်များတွင် ပုဂံဒေသသည် အထူးခြားဆုံးဖြစ်ပါသည်။ ပုဂံဒေသသည် အစဉ်အဆက် သက်ဝင်လှုပ်ရှားဖြစ်နေခြင်းမှာ ဗုဒ္ဓအမွေအနှစ်များ လွှမ်းခြုံထားခြင်းကြောင့် ဖြစ်ပါသည်။ ဗုဒ္ဓသာသနာသမိုင်းတွင် မြန်မာနိုင်ငံ၌ ပုဂံခေတ်မှစတင်၍ ထေရဝါဒဗုဒ္ဓဘာသာကို စတင်ယုံကြည်ကိုးကွယ်ခဲ့ရာ ယနေ့ထက်တိုင်ဖြစ်သည်။

ဘာသာရေးကိုအခြေခံသည့် ပုဂံခေတ်ကိုယ်ပိုင်ဟန်ဖြင့် တည်ရှိခဲ့သော ရှေးဟောင်းအဆောက်အအုံများမှ ဗိသုကာလက်ရာများ၊ စွဲမက်ဖွယ်ရာရှိသည့် ပန်းဆယ်မျိုးအနုပညာလက်ရာများ စသည့် စေတီ၊ ပုထိုးအဆောက်အအုံများကို ကမ္ဘာတည်သရွေ့ တည်ရှိနေစေရန်မှာ မြန်မာတို့၏ မြတ်နိုးတန်ဖိုးထားမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုတို့အပြင် တစ်ကမ္ဘာလုံးကပါ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးကိုပါ ကြိုးပမ်းအားထုတ်ရပါမည်။

၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်က ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သော (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေး၌ မြန်မာ့မြေပေါ်မှ ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ဦးစွာလက်ခံအသိအမှတ်ပြုပြီးနောက် ယခုပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် မြန်မာနိုင်ငံအတွက် ဒုတိယအကြိမ်မြောက် အသိအမှတ်ပြုခံရသည့် ယဉ်ကျေးမှုဂုဏ်ဒြပ်ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ မြန်မာ့မြေတွင် မြန်မာတို့၏သမိုင်းအမွေအနှစ်၊ သမိုင်းဂုဏ်ဒြပ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို မြင့်မားစေသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ အမြောက်အမြားရှိရာ ယခုကဲ့သို့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးကို ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
UNFPA ICPD25
ကမ္ဘာ့လူဦးရေနေ့
"ကတိကဝတ်များကို အရှိန်အဟုန်မြှင့်ဖြည့်ဆည်းလို့ ၂၅ နှစ်မြောက် ICPD ကို ဂုဏ်ပြုစို့"
"25 Years of the ICPD: Accelerating the promise"
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်

## မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး(၂၂/၂၀၁၉)ကိုယနေ့ နံနက် ၁၀ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင် (ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## မန္တလေးမြို့၌ (၁၂) ကြိမ်မြောက် ဝိပဿနာ တစ်ရက်အထူးတရားစခန်း ဖွင့်လှစ်မည်

**ရန်ကုန် ဇူလိုင် ၈**

တစ်ရက်အထူးတရားစခန်း ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးမြင့်အောင် [A.G.T.I (MT) Mandalay, B.E Mech. M.O.T 1st Class Part A] က ဗုဒ္ဓနည်းလမ်းကျ ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်များကို ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ မန္တလေးမြို့ရှိ ပဋ္ဌာနတာရာမ တကောင်းကျောင်းတိုက် ၆၂ လမ်း၊ ၂၂ × ၂၃ လမ်းကြား အောင်မြေသာစံမြို့နယ် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့်မျက်နှာချင်းဆိုင်၌ ဟောကြားပြသမည်ဖြစ်ရာ လာရောက်လေ့လာအားထုတ်နိုင်ကြောင်း သိရသည်။ အသေးစိတ်သိလိုပါက ဆရာ ဦးမြင့်အောင် (ကမ္မဋ္ဌာန်းနည်းပြ) (B.E Mech. M.O.T 1st Class Part A) ဖုန်း- ၀၉-၇၉၅၇၆၀၁၀၈၊ ဆရာဦးအောင်မြင့်ထွန်း (ပါမောက္ခချုပ်) (စိုက်ပျိုးရေးပညာ) ဖုန်း-၀၉-၂၅၂၇၅၉၀၈၀၊ ယောဂီများ ဒေါ်ဆင့်ဆင့်အောင် ဖုန်း- ၀၉-၅၀၀၀၉၁၀၊ ဒေါ်စန္ဒီဇော် ဖုန်း - ၀၉-၂၀၁၉၉၅၈၊ တစ်ရက်တာအာဟာရကုသိုလ်ရှင် ဒေါ်ခင်ခင်စိန်နှင့် မောင်နမတစ်စုကောင်းမှု ဖုန်း - ၀၉-၂၅၉၂၃၆၄၃၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၈**

ရန်ကုန်(ရွှေဈေး) ၁၁၂၂၅၀၀ - ၁၁၂၂၅၀၀ မန္တလေး(ရွှေဈေး) ၁၁၂၂၅၀၀ - ၁၁၂၂၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၅/၉၁၅ ကျပ် | ၉၃၅/၉၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၉၅ ကျပ် | ၉၅၀/၉၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၀/၈၁၀ ကျပ် | ၈၄၀/၈၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၈၅/၉၂၅ ကျပ် | ၉၅၀/၉၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၅/၇၆၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၆.၉ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၉၂.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၉.၀၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၉၆၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၃.၉၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၂၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၉၀.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၆၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၃.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၈.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror ၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

## အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား



**တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက် လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့ မြန်မာပြည်ကြီး ကျုပ်တို့ ချစ်ရာရောက်မယ်။ ကျုပ်တို့ မြန်မာပြည် ထူထောင်နိုင်မယ်။**

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

**ရွှေဖုံးမှ**

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

**ဖတ်ကြားလျှောက်ထား**

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယခုအခါ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် သတ္တမအကြိမ်သက်တမ်းမှ အဋ္ဌမအကြိမ် သက်တမ်းသို့ကူးပြောင်းခဲ့ပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် အသစ်သစ်သော သံဃမဟာနာယက ဆရာတော်များ အစားထိုးဝင်ရောက်လာသကဲ့သို့ ဝိနည်းဓိုရ်ဆရာတော်အဆင့်အဆင့်တွင်လည်း အသစ်သစ်သော ဝိနည်းဓိုရ်ဆရာတော်များ အစားထိုးဝင်ရောက်လာမှုများ ရှိလာသည်ကို သိရှိရပါကြောင်း၊ အစားထိုးဝင်ရောက်လာသော သံဃမဟာနာယက ဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များသည် သံဃာ့အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းများနှင့် ဝိနိစ္ဆယဆိုင်ရာလုပ်ငန်းများ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သံဃနာယကနှင့်ဝိနည်းဓိုရ် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချသင့်သည်ဟု လျှောက်ထားလိုပါကြောင်း၊ ထိုသို့ နာယကသင်တန်းနှင့် ဝိနည်းဓိုရ်မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းကြောင့် သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များသည် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများကို ကျေကျေညက်ညက်ပိုင်ပိုင်နိုင်နိုင် ရှင်းရှင်းလင်းလင်း လေ့လာရသဖြင့် သံဃနာယကလုပ်ငန်း၊ ဝိနိစ္ဆယလုပ်ငန်းများကို သာသနာပြုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်း အပိုဒ်- ၉၇၊ အပိုင်ခွဲ(ဃ)အရ မြို့နယ်သံဃနာယကအဖွဲ့များက နှစ်စဉ်ဝါဆိုသံဃာစာရင်းကောက်ယူလျက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ ၂၀၁၈ ခုနှစ် ဝါဆိုသံဃာစာရင်းအရ ရဟန်းသာမဏေပေါင်း ၅၂၆၃၇၃ ပါးရှိကြောင်းနှင့် သာသနာ့အနွယ်ဝင် သီလရှင် ၆၇၅၂၁ ပါးရှိသည်ဟု သိရှိရပါကြောင်း။

**ညွှန်ကြားလွှာများနှင့်အညီ ဆောင်ရွက်**

ယခု ၁၃၈၁ ခုနှစ်(၂၀၁၉ ခုနှစ်)တွင် ဝါဆိုသံဃာစာရင်းကောက်ယူရာတွင် ပိုမိုစနစ်တကျရှိစေရေးနှင့် တိကျမှန်ကန်စွာ ကောက်ယူနိုင်ရေးအတွက် IT နည်းပညာများဖြင့် အသုံးပြုနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ၊ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အလိုက် ၊ခရိုင်အလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဝါဆိုသံဃာစာရင်းကောက်ယူရေးအဖွဲ့များဖွဲ့စည်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ထုတ်ပြန်ထားသော ညွှန်ကြားလွှာများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဝါဆိုသံဃာစာရင်းများ တိကျမှန်ကန်စွာ ရရှိခြင်းအားဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ရွေးချယ်ဖွဲ့စည်းခြင်း၊ ပထမပြန် ဓမ္မာစရိယစာမေးပွဲဖြေဆိုခြင်း၊ ဝိနိစ္ဆယလုပ်ငန်းများဆောင်ရွက်ခြင်း၊ သာသနာဝင်မှတ်တမ်း စိစစ်ရေးကတ်များဆောင်ရွက်ခြင်း၊ ရဟန်းသာမဏေများအတွင်း စိမ့်ဝင်နေသော ရဟန်းတု ရဟန်းယောင်များကို ဖယ်ရှားနိုင်ခြင်း စသော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အထောက်အပံ့များစွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများနှင့်တကွ သံဃာ့အဖွဲ့အစည်း အသီးသီး၌ပါဝင်သော ဆရာတော်ကြီးများ ညီညီညွတ်ညွတ် တိုင်ပင်ညှိနှိုင်းပြီး မျက်ခြည်မပြတ် သတိချပ်လျက် တက်တက်ကြွကြွလက်တွဲ ဆောင်ရွက်နိုင်ကြပါက သာသနာတော်ကြီးကို ကွယ်ပျောက်စေနိုင်မည့် သာသနာ့အတွင်းရန်၊ အပြင်ရန်များ တစ်စတစ်စနည်းပါးသွားမည်ဖြစ်ပါကြောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အထက်အောက် ညှိနှိုင်းဆွေးနွေးကြခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းအားဖြင့် သာသနာ့ရန်စွယ်အန္တရာယ်များ ကာကွယ်တားမြစ်နိုင်မည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

**တင်သွင်းလျှောက်ထား**

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က တင်သွင်းလျှောက်ထားသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြပြီး သာသနာ့ရေးရာကိစ္စများ၊ ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားကြရာ တာဝန်ကျအဖွဲ့ခွဲဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးရဲမြင့်နှင့်ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

## နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်သင်တန်းကျောင်း အဆောက်အအုံဗိသုကာပုံစံ ရှင်းလင်းတင်ပြခြင်းနှင့် ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

သံတမန်သင်တန်းကျောင်း(ရန်ကုန်) ဆောက်လုပ်ရန်အတွက် အဆောက်အအုံဗိသုကာပုံစံရှင်းလင်းတင်ပြခြင်း အစီအစဉ်နှင့် သင်တန်းကျောင်းအဆောက်အအုံ ဗိသုကာဒီဇိုင်းပုံစံများကို စိစစ်ရွေးချယ်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ကြသူများနှင့် ပဏ္ဏာမအဆင့်ဗိသုကာပုံစံများ စိစစ်ရွေးချယ်ခံရသူ ဗိသုကာပညာရှင် အဖွဲ့ငါးဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျာမန်အဖွဲ့အစည်း Friedrich –Ebert –Stiftung (FES)တို့ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Wyndham Grand ဟိုတယ်၌ ကျင်းပသည်။



**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အမှာစကားပြောကြားပြီး ဗိသုကာဒီဇိုင်းပုံစံများ စိစစ်ရွေးချယ်ရေး ဂျူရီအဖွဲ့ဝင်များနှင့် သံတမန်သင်တန်းကျောင်း ဗိသုကာပုံစံအတည်ပြုရွေးချယ်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးသော ဗိသုကာပုံစံများ စိစစ်ရွေးချယ်ရေး ဂျူရီအဖွဲ့ဝင်များနှင့် ဦးဒင်ဇယ်အေဘယ်လ် (ညွှန်ကြားရေးမှူး-ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အဖွဲ့အား အမှတ်တရလက်ဆောင်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ပဏ္ဏာမအဆင့် ရွေးချယ်ခြင်းခံရသော ဗိသုကာပညာရှင်အဖွဲ့ ငါးဖွဲ့အား ဦးဒင်ဇယ်အေဘယ်လ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**တက်ရောက်**

ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သံတမန်သင်တန်းကျောင်း တည်ထောင်နိုင်ရေးဆိုင်ရာ အတိုင်ပင်ခံပညာရှင်များအဖွဲ့၊ သံတမန်သင်တန်းကျောင်း ဆောက်လုပ်နိုင်ရန်အတွက် ဗိသုကာပုံစံများ စိစစ်ရွေးချယ်ရေး ဂျူရီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဗိသုကာအသင်းမှ တာဝန်ရှိသူများ၊ ဗိသုကာဒီဇိုင်း ဖိတ်ခေါ်ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်းများနှင့် ဂျာမန်အဖွဲ့အစည်း Friedrich –Ebert –Stiftung (FES) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီမှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ (အာဇာနည်လမ်းထိပ်)၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ် (သွေးဆေးကန်) လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ သာရဏီယ သြဝါဒကထာ

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်(တနင်္လာနေ့)



အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ ဒုတိယအစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား-

ဆရာတော်ဘုရားများ သက်တော်ရာကျော်ရှည် တော်မူကြလျက် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်း ချမ်းမြေ့စွာဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးတို့ကို လုံ့လမလစ် အားသစ်ကြိုးပမ်း ထမ်းဆောင်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမ အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်**
**ဆရာတော် အရှင်မြတ်တို့ဘုရား-**

ယခုစည်းဝေးတော်မူကြသည့် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ကောဇာ သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ (၁၆-၃-၂၀၁၉)က ကျင်းပခဲ့သော အဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်း အဝေးက အသစ်ဖွဲ့စည်းပေးခဲ့သော အဖွဲ့သစ်ဖြစ်ပါသည်။ အဖွဲ့သစ်ဖြစ်သည့်အလျောက် လူသစ်စိတ်သစ်ဖြင့် မိမိတို့တာဝန်ကျရာကာလအတွင်း၌ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးတို့ကို ဆတက်ထမ်းပိုး တိုး၍ အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျှောက်ထားပါသည်ဘုရား။

ဤသို့ အားကြိုးမာန်တက်ဆောင်ရွက်တော်မူ ကြရာ၌ အဂတိဂမန ကင်းစင်စွာဖြင့် အောင်အောင် မြင်မြင် ဆောင်ရွက်နိုင်ဖို့ အရည်အချင်းပြည့်ဝသည့် အရှင်များဖြစ်လာစေရန်

"တတ္ထ ဒက္ခော ဟောတိ အနလသော၊ တတြုပါ ယာယ ဝီမံသာယ သမန္နာဂတော အလံ ကာတုံ အလံ သံဝိဓာတုံ" (အံ၊ ၃၊ ၁၀၈)ဟူသော မြတ်ဗုဒ္ဓ၏ ဒေသနာ တော်အရ-

၁။ **မိမိတို့ဆောင်ရွက်ရမည့် သာသနာတော် ကိစ္စဟူသမျှတို့၌ ကျွမ်းကျင်လိမ္မာသော ဒက္ခဂုဏ်၊**
၂။ **မိမိတို့ဆောင်ရွက်ရမည့် သာသနာတော် ကိစ္စဟူသမျှတို့၌ မပျင်းမရိ လုံ့လရှိရှိ ဆောင်ရွက်နိုင်သော အနလသ ဂုဏ်၊**
၃။ **မိမိတို့ဆောင်ရွက်ရမည့် သာသနာတော် ကိစ္စဟူသမျှတို့၌ အကြောင်းဥပါယ် အသွယ် သွယ်မှာ စူးစမ်းနှိုင်းချိန်နိုင်သော ဥပါယဝီမံ သာဂုဏ်၊**
၄။ **မိမိတို့ဆောင်ရွက်ရမည့် သာသနာတော် ကိစ္စဟူသမျှတို့၌ ပြုလုပ်ခြင်းငှာ စွမ်းနိုင် သော ကရဏသမတ္ထဂုဏ်၊**
၅။ **မိမိတို့ဆောင်ရွက်ရမည့် သာသနာတော် ကိစ္စဟူသမျှတို့၌ စီမံခြင်းငှာ စွမ်းနိုင်သော သံဝိဓာနသမတ္ထဂုဏ်**

တို့နှင့်ပြည့်စုံအောင် လုံ့လကြိုးကုတ်အားထုတ်တော် မူသင့်ကြပါသည်ဘုရား။

ယခုလျှောက်ထားခဲ့သော ဂုဏ်တို့နှင့်ပြည့်စုံအောင် လည်း မိမိတို့လေ့လာသင်ကြားထားသည့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ကဗ္ဗျာစသည့် တန်တန်ကျမ်းဂန်များသာမက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်း၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ၊ ဝိနည်းဓမ္မကံ ဥပဒေများ၊ ဝိနိစ္ဆယလက်စွဲ၊ သံဃ နာယကလက်စွဲ၊ ညွှန်ကြားလွှာစသည်များကိုလည်း ကျေညက်အောင် အမြဲမပြတ် ဖတ်ရှုလေ့လာထားရန် လိုအပ်ပါသည်ဘုရား။ ဤသို့ကျေညက်အောင် အမြဲ မပြတ် ဖတ်ရှုလေ့လာထားမှသာ မိမိတို့ ဆောင်ရွက်ချက် များ ဓမ္မဝိနယနှင့် ညီ၊ မညီကိုလည်းကောင်း၊ လုပ်ထုံး လုပ်နည်းများ၊ ဥပဒေများ၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယက လက်စွဲ၊ ညွှန်ကြားလွှာစသည်များနှင့် ညီ၊ မညီကို လည်းကောင်း အလွယ်တကူသိနိုင်ကြမည်ဖြစ်ပါသည် ဘုရား။

အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းစသည်တို့ကို ကျေကျေညက်ညက်လေ့လာမထားပါက လွဲမှားစွာ ဆုံးဖြတ်မိတတ်ကြသည်။ ဥပမာ-နာယကအဖွဲ့က ဆုံးဖြတ် ခွင့်မရှိသောမှုခင်းမျိုးကို ဝင်ရောက်ဆုံးဖြတ်မိခြင်းမျိုး၊ ပြည့်ပြည့်စုံစုံ စိစစ်ရမည့်မှုခင်းများ၌ ပြည့်စုံအောင် မစိစစ် ခြင်းမျိုးစသည်တို့ဖြစ်ပါသည်။ ဤအချက်သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်များသာမက တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်အားလုံး သတိပြု ရမည့်အချက်ဖြစ်ပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်**
**ဆရာတော်အရှင်မြတ်တို့ဘုရား-**

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည်

**"ဝေမေဝ ခေါ ရာဟုလ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေန ကမ္မံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝါစာယ ကဗ္ဗံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနသာ ကမ္မံ ကာတဗ္ဗံ"**

(မ၊ ၂၊ ၇၈)ဟူသော အမ္ဗလဋ္ဌိ ကရာဟုလောဝါဒ သုတ်လာ ဒေသနာတော်ကို လေးလေးစားစားလိုက်နာ သောအားဖြင့် "မလုပ်ခင် ကြိုတင်စဉ်းစားပါ" ဟူသော မြန်မာပရိဘာသာအရ မိမိတို့ဆောင်ရွက်ရသည့် သာသနာ့ ကိစ္စဟူသမျှတို့ကို ဓမ္မဝိနယ၊ လုပ်ထုံး လုပ်နည်း၊ လက်စွဲ၊ ညွှန်ကြားလွှာစသည်တို့နှင့် ညီညွတ်မှု ရှိ၊ မရှိကို ဆင်ခြင် စဉ်းစားပြီးမှ ပြုလုပ်ဆောင်ရွက်တော်မူကြပါ။ ဤသို့ ဆင်ခြင်စဉ်းစားတော်မူကြသည့်အခါ ဓမ္မဝိနယ၊ လုပ်ထုံး လုပ်နည်းများ၊ လက်စွဲ၊ ညွှန်ကြားလွှာ စသည်တို့နှင့်ညီညွတ်မှု မရှိဟု သိရလျှင်၊ မပြုလုပ်ရသေး၊ မဆုံးဖြတ်ရသေးသော ကိစ္စဖြစ်ပါက ရှေ့သို့ဆက်လက် မပြုလုပ်ဘဲ ရပ်ဆိုင်းထား နိုင်ပါသည်။ ပြုလုပ်ပြီး၊ ဆုံးဖြတ်ပြီးဖြစ်ပါကလည်း အမှန်သို့ ရောက်အောင် ပြင်ဆင်၍ နောင်အခါမပြုမိအောင် ရှောင်ကြဉ်နိုင်ပါသည်။

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၌ အဖွဲ့ခွဲ သုံးဖွဲ့ရှိရာ တစ်ဖွဲ့၏ဆုံးဖြတ်ဆောင်ရွက်ချက် (သို့မဟုတ်) တစ်ပါး၏ ဆုံးဖြတ်ဆောင်ရွက်ချက်တွင် လုပ်ထုံးစသည်နှင့် မညီညွတ်သောအချက်ကို အခြားအဖွဲ့ ခွဲက (သို့မဟုတ်)အခြားပုဂ္ဂိုလ်တစ်ပါးက တွေ့ရှိလျှင် လည်း အကျိုးလိုလားသောစိတ်ထားဖြင့် ပြုပြင်ပေးသင့် ကြပါသည်။ ယင်းသို့ပြုပြင်ပေးသည်ကို ဆောင်ရွက် မိသောအဖွဲ့က (သို့မဟုတ်) ဆောင်ရွက်မိသောပုဂ္ဂိုလ်က

**နိဓီနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။**
**နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။**
**တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ န ပါပိယော။**

(ဓမ္မပဒ၊ ၂၄၊ ထေရ-၃၄၄)

ဟူသော ဒေသနာတော်ကို ဦးထိပ်ဝယ်ပန်ဆင်၍ ရွှေအိုး ကို ပြောပြညွှန်ကြားလာသူကဲ့သို့ သဘောထားကာ ဝမ်းမြောက်ဝမ်းသာ ပြင်ဆင်ပေးသင့်ကြပါသည်ဘုရား၊ ဤသို့တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီ ပေးကြလျှင် မဟာနာယက အဖွဲ့ကြီးသည် အပြစ်ကင်း၍ သန့်ရှင်းသည်ထက်သန့်ရှင်းသော အဖွဲ့ကြီးဖြစ်လာ မည်မှာ မလွဲပါဘုရား။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်**
**ဆရာတော် အရှင်မြတ်တို့ဘုရား-**

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် ဘုန်းရှင်၊ ကံရှင်၊ သမ္ဘာရှင်တို့သာ ချီးမြှောက်ခွင့်ရနိုင်သည့် ဘုန်းရှင်၊ ကံရှင်၊ သမ္ဘာရှင်ဖြစ် တော်မူသော မြတ်စွာဘုရားရှင်သာသနာတော် မြတ်ကြီးကို ကုသိုလ်ကံအလျောက် ချီးမြှောက်ခွင့်ရနေ သည့်အခိုက်ဖြစ်ခြင်း၊ နိုင်ငံတော်အစိုးရမင်းတို့ကလည်း ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးကို သာသနပစ္စတ္ထိက တို့၏ အနှောင့်အယှက်မှကင်းအောင် ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်မှု၊ အာမိသပစ္စည်းတို့ဖြင့် ထောက်ပံ့မှု၊ သာသနာ့ကိစ္စဆောင်ရွက်ကြရာဝယ် လိုအပ်သော အကူအညီပေးမှုစသည်တို့ဖြင့် အားပေး ချီးမြှောက်ထောက်ပံ့နေခြင်းစသော လွန်ကဲစွာရခဲသော အခွင့်ကောင်းရရှိနေသည့်အခိုက် "မာ ဝေါ ခဏံ ဝိရာဓေထ" (အပ၊၁၊ ၅၁) ဟူသော ဥပါလိတ္ထေရာပဒါန် ဒေသနာတော်အရ ယင်းအခွင့်ကောင်းကို လက်မလွှတ် စေဘဲ သာသနာတော်သန့်ရှင်းအောင်၊ အရှည်ခံ၍ တည်တံ့အောင် စည်ပင်ထွန်းကားပြန့်ပွားတိုးတက် အောင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဗိုလ် ငါးဖြာ လက်ကိုင်ထားလျက် ကြိုးစားအားထုတ်တော်မူကြပါရန် လေးလေးနက်နက်တိုက်တွန်းလျက် တပည့်တော်၏ သာရဏီယသြဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ် ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

## ကျောင်းကား အစီး ၆၀ လှူဒါန်းမှုစီမံကိန်း လက်မှတ်ရေးထိုးပွဲ ကျင်းပ




**နေပြည်တော် ဇူလိုင် ၈**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေးအေဂျင်စီ (Korea International Cooperation Agency- KOICA) တို့ ပူးပေါင်း၍ ကျောင်းကား အစီး ၆၀ လှူဒါန်းမှုဆိုင်ရာ စီမံကိန်းလက်မှတ်ရေးထိုးပွဲကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် KOICA Myanmar Office မှ Chief Representative, Ms.Lee, Youn Soo က ကျောင်းကား အစီး ၆၀ လှူဒါန်းခြင်း ဆိုင်ရာ "Improvement in Access to Education through Provision of School Buses in Myanmar" စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး Record of Discussion (RoD) လက်မှတ်ရေးထိုးကြသည်။

စီမံကိန်းတွင် ၂၀၁၉ မှ ၂၀၂၂ ခုနှစ် သုံးနှစ်တာ ကာလအတွင်း နေပြည်တော်ရှိ မြို့နယ် ခြောက် မြို့နယ်ဖြစ်သည့် ပျဉ်းမနား၊ လယ်ဝေး၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိနှင့် တပ်ကုန်းမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများအတွက် ကျောင်းကား အစီး ၆၀ လှူဒါန်းခြင်းနှင့် နေပြည်တော်ရှိ မြို့နယ် ရှစ်မြို့နယ်မှ ပညာရေးဝန်ထမ်းများနှင့် ကျောင်းကားမောင်းသူများကို ကျောင်းကား အသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ လမ်းညွှန် စာအုပ်ပေးခြင်း၊ သင်တန်းပေးခြင်း၊ ကျောင်းသား ကျောင်းသူနှင့် ယာဉ်မောင်းသူများအား ယာဉ် အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွေးကောက်ပွဲများတွင် အားလုံးပါဝင်မှုမြှင့်တင်ရေးပံ့ပိုးရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Republican Institute(IRI) အဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထား**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် IRI နှင့် ယခင်ကတည်းက ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ကြောင်း၊ နိုင်ငံရေးပါတီများသင်တန်းပေးခြင်း၊ ရွေးကောက်ပွဲများတွင် အမျိုးသမီးနှင့် လူငယ်များပါဝင်မှုမြှင့်တင်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း၊ သင်တန်းများဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများအားလုံး ညီတူညီမျှပါဝင်စေပြီး တစ်ပြေးညီဖြစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်များ၊ ဥပဒေ၊ နည်းဥပဒေများကို အလေးထားပြီး သင်တန်းပေးရန်လိုအပ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းဖြစ်စေရေးဆိုသည့် စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပြီး နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ IRI အဖွဲ့၏ Resident Program Director, Mr. Jeremy Liebowitz က IRI အဖွဲ့၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပံ့ပိုးကူညီမှုများကြောင့် အောင်မြင်မှုများရရှိခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အားလုံးပါဝင်မှုမြှင့်တင်ရေးဆောင်ရွက်ရာ၌ အမျိုးသမီးနှင့် လူငယ်များပါဝင်မှုကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးနှင့် IRI အဖွဲ့မှ Resident Program Director, Mr. Jeremy Liebowitz တို့က လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၉ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးတို့က မှုခင်းစီမံခန့်ခွဲမှု ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကျော်စွာငြိမ်းက မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး(ညှိနှိုင်းရေးမှူး)ဒေါ်နန်းသင်းသင်းဆွေက အသုံးပြုမည့်ပုံစံများအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**အကောင်အထည်ဖော်မည်**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ အရ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို အဆင့်လိုက် အကောင်အထည်ဖော်လျက်ရှိရာ ယခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ခရိုင်တရားရုံးတစ်ရုံးနှင့် မြို့နယ်တရားရုံး ၂၇ ရုံးတို့တွင် အကောင်အထည်ဖော်မည်ဟု သိရသည်။ **သတင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်**(MNA)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေး




**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီးအဆင့် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေ(တနင်္သာရီတိုင်းဒေသကြီး တာဝန်ခံ)တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အဆင့် နိုင်ငံရေးပါတီရုံးဖွင့်လှစ်ထားသော နိုင်ငံရေးပါတီရှစ်ဖွဲ့မှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသော လူမှုအဖွဲ့အစည်း ခုနစ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများကို လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်ရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် စံ(၅)ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း၊ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲဆိုင်ရာ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူဆောင်ရွက်ရေးနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်လင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရွေးကောက်ပွဲအရာရှိက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းရရှိရေး လူဦးရေစာရင်းပြုစုခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသော နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ၏ မေးမြန်းဆွေးနွေးမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**သစ်တောတွေပြုန်း၊ ရေမြေဆုံး ပျက်သုဉ်းကမ္ဘာ မရှည်ကြာ**
**သစ်တောတွေစိမ်း၊ ရေမြေထိန်း ဖွံ့ဖြိုးကမ္ဘာ လွန်ရှည်ကြာ**

ကြေးမုံ

# ဘာသာစကားဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် ခေတ်ပညာတတ်လူငယ်များ မွေးထုတ်ပေးရာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

သတင်းဆောင်းပါး- သီသီမင်း
ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)



တစ်နေ့တခြား တိုးတက်ပြောင်းလဲလာနေသည့် ခေတ်စနစ်ကြီးထဲတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးအတွက် လူမှုဆက်ဆံရေးနယ်ပယ်တွင်သာမက အလုပ်အကိုင် အခွင့်အလမ်းကောင်းများရရှိရေးအတွက် လေ့လာသင်ယူရမည့် အသက်မွေးဝမ်းကျောင်းပညာရပ်များထဲတွင် ဘာသာစကားကျွမ်းကျင်မှုပညာရပ်သည်လည်း အလွန်အရေးပါသည်။

နိုင်ငံခြားဘာသာစကားဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်သည်အထိ လေ့ကျင့်သင်ကြားပေးပြီး ဘွဲ့ရ ခေတ်ပညာတတ်များစွာကို မွေးထုတ်ပေးနေသော ရန်ကုန်မြို့၏ အထင်ကရ အဆင့်မြင့်တက္ကသိုလ်တစ်ခုအဖြစ် ဝင့်ကြွားစွာရပ်တည်နေသည့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ကို ၁၉၆၄ ခုနှစ်တွင် နိုင်ငံခြားဘာသာသင်တန်းကျောင်းအဖြစ် စတင်ထူထောင်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့သည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခဒေါက်တာကြည်ရွှင်က "အခုခေတ်မှာ ဘာသာစကားက အသက်မွေးဝမ်းကျောင်းအတွက် ပိုပြီးအခြေခံကျတယ်လို့ မိဘတော်တော်များများ၊ ကျောင်းသားတော်တော်များများက ယူဆတဲ့အတွက် ဒီကျောင်းကိုတက်ဖို့ ရည်ရွယ်ကြတယ်"ဟု ပြောသည်။

၎င်းကဆက်လက်၍ " တက္ကသိုလ်မဖြစ်ခင်ကြားထဲမှာ IFL(Institute of Foreign Languages) ဆိုပြီး အကြာကြီးရပ်တည်ခဲ့ပါတယ်။ အရင်လုပ်ခဲ့တဲ့ တက္ကသိုလ်၊ အရင်လုပ်ခဲ့တဲ့ နိုင်ငံခြားဘာသာသင်ကျောင်းတို့၊ IFL တို့ ခေတ်တွေမှာတောင် ဒီကျောင်းဟာ ဘွဲ့ရပုဂ္ဂိုလ်တွေအတွက် နိုင်ငံခြားဘာသာကို မနက်ပိုင်းမှာ သင်တဲ့ကျောင်းအဆင့်နဲ့ ရပ်တည်လာတာပေါ့။ အခုတက္ကသိုလ်ဆိုတော့ ပုံမှန်သင်တန်းတွေနဲ့ အခြားတက္ကသိုလ်တွေလိုဖြစ်နေပါပြီ" ဟု ပြောသည်။

**အထူးပြုဘာသာရပ် ရှစ်ခုသင်ကြား**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပညာသင်နှစ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသည့် မြန်မာနိုင်ငံသား ကျောင်းသား ကျောင်းသူများအတွက် အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်၊ ရုရှား၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း အစရှိသည့် အထူးပြုဘာသာရပ်ရှစ်ခုကို ပညာသင်နှစ် လေးနှစ်သတ်မှတ်ကာ သင်ကြားပို့ချပေးလျက်ရှိပြီး လေးနှစ်တက်ရောက်ပြီးပါက ဝိဇ္ဇာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့များ ချီးမြှင့်အပ်နှင်းကြောင်း သိရသည်။

"ပုံမှန်က ဝိဇ္ဇာဘွဲ့အတွက်ဆို လေးနှစ်သင်တန်းဖြစ်ပါတယ်။ B.A. (English) တို့၊ B.A. (Japanese) တို့ စသဖြင့်ဖြစ်ပါတယ်။ ပုံမှန်လေးနှစ်ပါပဲ။ ကျောင်းဝင်ကြေးတို့၊ ကျောင်းလခသင်တန်းကြေးတွေကျတော့ ကျွန်တော်တို့ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များအောက်မှာ ဖွင့်လှစ်ထားတဲ့ တက္ကသိုလ်တွေအားလုံး အတူတူပါပဲ" ဟု ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ပြောသည်။

**အာဆီယံနိုင်ငံများတွင် ဂုဏ်ယူဖွယ်ရာတက္ကသိုလ်ဖြစ်**

၎င်းက ဆက်လက်၍ "မဟာဘွဲ့ကတော့ မြန်မာနိုင်ငံသားအားလုံးကို ပေးနေတဲ့ မဟာဘွဲ့ ရှစ်ခုရှိပါတယ်။ နောက် ပါရဂူဘွဲ့က တရုတ်နဲ့ ကိုရီးယားဘာသာစကားကို ပေးပါတယ်။ ဒါက ဂုဏ်ယူစရာလည်း ဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ ရှားရှားပါးပါး ပါရဂူဘွဲ့ပေးနေတဲ့ ကိုရီးယားနဲ့ တရုတ်ကိုပေးတာ တက္ကသိုလ်နှစ်ခုလောက်ပဲ ရှိပါတယ်။ အာဆီယံနိုင်ငံထဲမှာ ကျွန်တော်တို့နိုင်ငံက ရှားရှားပါးပါး ပါဝင်ပါတယ်" ဟု ပြောသည်။

ထို့ပြင် နိုင်ငံခြားသားများအတွက်လည်း မြန်မာစာကို လေးနှစ်၊ နှစ်နှစ်၊ တစ်နှစ် စသဖြင့် ဘွဲ့နှင့် ဒီပလိုမာသင်တန်းများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ယခုနှစ် ဝင်ခွင့်လျှောက်ထားရာတွင် လိုအပ်သည့် အရည်အချင်း**

အဆိုပါ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိ အထူးပြုဘာသာရပ်များတွင် ယခုနှစ် ပညာသင်နှစ်တွင် တက်ရောက်သင်ကြားလိုသည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မည်သည့်ပြည်နယ်နှင့် တိုင်းဒေသကြီး စာစစ်ဌာနများတွင်မဆို ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် စုစုပေါင်းရမှတ် ၄၀၀ နှင့် အထက်ရှိရမည်ဖြစ်ပြီး ဝင်ခွင့်လျှောက်ထားရာတွင် ဦးစားပေးဘာသာရပ် သုံးခုအထိ ရွေးချယ်လျှောက်ထားခွင့်ရှိကြောင်း သိရသည်။

"ဒီတက္ကသိုလ်မှာ ပုံမှန်သင်တန်း ဘွဲ့အတွက်ဆိုရင်တော့ ၂၀၁၉ ခုနှစ် ပညာသင်နှစ်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်ရပါမယ်။ စုစုပေါင်းရမှတ်ဟာ အမှတ် ၄၀၀ နဲ့ အထက်ရှိရပါမယ်။ တကယ်လို့ ကိုယ်လျှောက်ထားလိုတဲ့ ဦးစားပေးဘာသာရပ်ဟာ အင်္ဂလိပ်စာဘာသာရပ်ဆိုရင် အင်္ဂလိပ်စာဘာသာရပ်မှာ ၆၅ မှတ်နဲ့အထက် ရရှိထားသူဖြစ်ရပါမယ်"ဟု ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ပြောသည်။

ထိုသို့လျှောက်ထားရာတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်ပါမောက္ခချုပ် အစရှိသဖြင့် လိပ်မူပြီး မိမိကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်သော်လည်းကောင်း လျှောက်ထားနိုင်ပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဝင်ခွင့်ရွေးချယ်ခြင်းမခံရပါက တက္ကသိုလ်ဝင်ခွင့်မဆုံးရှုံးစေရေးအတွက် အခြားတက္ကသိုလ်များသို့ တက်ရောက်ပညာသင်ကြားနိုင်ရန် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ပါအတိုင်း တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)သို့ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ စနစ်တကျ လွှဲပြောင်းပေးပို့ကြောင်း သိရသည်။

**ဇူလိုင်လ ၂၃ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်**

ယခုနှစ် ပညာသင်နှစ်အတွက် ဝင်ခွင့်လျှောက်လွှာများကို ဇွန်လ ၂၄ ရက်နေ့မှစ၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ထုတ်ယူနိုင်ပြီး ဇူလိုင်လ ၂၃ ရက်နေ့တွင် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

**ဝင်ခွင့်ရရှိသူများကို အောက်တိုဘာလဆန်းပိုင်းတွင် ကြေညာနိုင်ရန် မျှော်လင့်**

"ဝင်ခွင့်စနစ်က ပြောင်းသွားပါပြီ။ တစ်နိုင်ငံလုံးက လာတက်လို့ရပါတယ်။ အရင်နှစ်ကစလို့ တစ်နိုင်ငံလုံးလက်ခံထားပါတယ်။ အခု ဝင်ခွင့်လျှောက်လွှာလက်ခံနေတာ ဇွန်လ ၂၄ ရက်နေ့ကနေ ဇူလိုင်လ ၂၃ ရက်နေ့အထိ တစ်လတိတိဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ စိစစ်ပြီး ရွေးချယ်တဲ့အဆင့်ဖြစ်ပါတယ်။ ဝင်ခွင့်ရတဲ့သူတွေကိုတော့ အစောဆုံး အောက်တိုဘာလဆန်းပိုင်းမှာ ကြေညာနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ကျောင်းဖွင့်တာကတော့ ဒီဇင်ဘာလဆန်းပိုင်းဖြစ်ပါတယ်" ဟု ပြောသည်။

**ယခုနှစ် လူတွေ့နှုတ်ဖြေစာမေးပွဲကို ခေတ္တဆိုင်းငံ့ထား**

"ဒီနှစ်မှာတော့ နှုတ်ဖြေစာမေးပွဲကို ခေတ္တဆိုင်းငံ့ထားတဲ့သဘောပါပဲ။ နောက်နှစ်တွေမှာတော့ KG +12 သူငယ်တန်းအပေါင်း ၁၂ တန်းစနစ် ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ပြီးတဲ့ အချိန်ကျရင်တော့ ကျွန်တော်တို့ လက်ရှိဝင်ခွင့်စနစ်ကို ပြန်သုံးသပ်ပါ့မယ်။ လောလောဆယ်မှာတော့ ကျောင်းသားတွေရော၊ ကျောင်းသားမိဘတွေအတွက်ရော၊ ဝင်သင့်ဝင်ထိုက်ရဲ့သားနဲ့ မဝင်နိုင်တဲ့ ကျောင်းသား ကျောင်းသူတွေအကျိုးအတွက်ရော ရည်ရွယ်ပြီး လူတွေ့နှုတ်ဖြေစာမေးပွဲကို ခေတ္တဆိုင်းငံ့ထားတာဖြစ်ပါတယ်"ဟု ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ပြောသည်။

**လက်ခံမည့် သင်တန်းသားဦးရေ**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် သင်ကြားသည့် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်း အစရှိသည့် အထူးပြုဘာသာရပ် ရှစ်ခုအတွက် သတ်မှတ်ထားသည့် လူဦးရေနှင့်အညီ လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခု လက်ခံထားတာ ပထမနှစ်ကို ဘာသာရပ်ရှစ်ခုစလုံးအတွက် လူ ၈၀၀ ပါ။ နိုင်ငံခြားသား မပါဘူး။ ပုံမှန်အားဖြင့် ဘွဲ့နှင်းသဘင်တစ်ခုမှာ တစ်နှစ်ကို လူ ၄၀၀၊ ၅၀၀ နီးပါး မွေးထုတ်ပေးနိုင်ပါတယ်" ဟု ပြောသည်။

**ဘွဲ့ရများအတွက် ဘာသာစကားဆိုင်ရာ သင်တန်းများ ပို့ချလျက်ရှိ**

ထို့ပြင် အဆိုပါတက္ကသိုလ်တွင် တခြားဘွဲ့ရပြီးသူများအတွက် အချိန်ပိုင်းဘာသာစကားသင်တန်းများ၊ အချိန်ပြည့် ဘာသာဗေဒသင်တန်းများဖွင့်လှစ်၍ ဒီပလိုမာနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည့်အပြင် နိုင်ငံခြားဘာသာစကားမှ မြန်မာဘာသာသို့၊ မြန်မာဘာသာမှ နိုင်ငံခြားဘာသာစကားသို့ ဘာသာပြန်ဆိုနိုင်သည့် သင်တန်းများကိုလည်း ကျွမ်းကျင်အဆင့်အထိ တတ်မြောက်အောင် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဘာသာစကားသင်တန်းကျောင်းဟုဆိုသော်လည်း အလုပ်အကိုင်အခွင့်အလမ်းရရှိမှုမြင့်မား**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သည် ဘာသာစကားကို အဓိကထားသင်ကြားသည့် တက္ကသိုလ်ဖြစ်သော်လည်း အဆိုပါကျောင်းမှ ဘွဲ့ရရှိပြီးပါက အစိုးရဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ နိုင်ငံခြားတိုင်းပြည်များတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု နှစ်စဉ် တိုးတက်မြင့်မားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ကျောင်းက ကျောင်းသားတွေကို ကြည့်လိုက်ရင် တော်တော်များများက အလုပ်အကိုင်အခွင့်အလမ်းအတွက် အဆင်ပြေကြတယ်။ အခုခေတ်က အင်္ဂလိပ်စကားပြောတတ်ရင်ကို အလုပ်ရဖို့က အဆင်ပြေတယ်။ အထူးသဖြင့် အင်္ဂလိပ်လိုလည်း ပြောတတ်တယ်၊ ဂျပန်လိုလည်း ပြောတတ်တဲ့ကျောင်းသားကျောင်းသူတွေ အလုပ်ရတဲ့ရာခိုင်နှုန်းက ၁၀၀ ရာခိုင်နှုန်းလောက်ရှိတယ်။ ကျောင်းမှာ ဂျပန်မေဂျာနဲ့ ကျောင်းပြီးရင် သုံးလအတွင်းမှာ ၉၀ ရာခိုင်နှုန်းကျော် ၁၀၀ ရာခိုင်နှုန်းနီးပါးလောက်က အလုပ်ရသွားကြတာပါပဲ" ဟု ပြောသည်။

ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည့် ကျောင်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သည့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ၏ ဘာသာရပ်ဆိုင်ရာ အရည်အသွေးတိုးတက်မြင့်မားစေရန်အတွက် ခေတ်နှင့်အညီ နောက်ဆုံးပေါ်နိုင်ငံတကာသင်ရိုးညွှန်းတမ်းများ၊ စာအုပ်စာပေများ၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများကိုအသုံးပြု၍ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က "ဒီကျောင်းကို လာမယ်ဆိုရင် ဘဝရည်မှန်းချက်ထားပြီး လာစေချင်တယ်။ ကိုယ်ဖြစ်ချင်တဲ့ရည်မှန်းချက်နဲ့ သက်ဆိုင်နိုင်တဲ့ကျောင်းကို လာမှသာလျှင် သင်ကြားမှု၊ သင်ယူမှုစနစ်ဟာ အောင်မြင်နိုင်ပြီး ကျောင်းသား ကျောင်းသူတွေအတွက် အောင်မြင်မှုရလဒ်ကောင်းတွေ ရမှာပါ။ ဒါကြောင့် ခိုင်မာတဲ့ရည်မှန်းချက်နဲ့ တက္ကသိုလ်တွေမှာ ပညာသင်ကြားကြပါလို့ ပြောချင်ပါတယ်" ဟု ပြောသည်။

သို့ပါ၍ ၂၀၁၉ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့ဝါသနာပါရာ၊ စိတ်အားထက်သန်ရာ ဘာသာရပ်များကို မှန်ကန်စွာရွေးချယ်သင်ယူပြီး မိမိတို့ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပြီး နယ်ပယ်ရပ်အသီးသီးတွင် ထူးချွန်ထက်မြက်သူများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ရန်ကုန်မြို့၏ အထင်ကရ အဆင့်မြင့်တက္ကသိုလ်ဖြစ်သည့် ဘာသာစကားကျွမ်းကျင်သူ ဘွဲ့ရခေတ်ပညာတတ်များစွာကို မွေးထုတ်ပေးနေသော ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်အကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**"ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သည် ဘာသာစကားကို အဓိကထားသင်ကြားသည့် တက္ကသိုလ်ဖြစ်သော်လည်း အဆိုပါကျောင်းမှ ဘွဲ့ရရှိပြီးပါက အစိုးရဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ နိုင်ငံခြားတိုင်းပြည်များတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု နှစ်စဉ် တိုးတက်မြင့်မားလျက်ရှိ"**

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၀၉ / ၂၀၁၉ )**
၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်
( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁/ ၂၀၁၆) နှင့် ၃၀.၁၀.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၄/ ၂၀၁၇)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| ( ၁ ) | ကြည်း ၂၄၉၁၂<br>ဒုတိယဗိုလ်မှူးကြီး<br>မိုးကျော်ဦး | **အစား** | ကြည်း ၁၈၅၆<br>ဗိုလ်မှူးချုပ် တင်စန်းနိုင် |
| ( ၂ ) | ကြည်း ၃၂၃၄၃<br>ဒုတိယဗိုလ်မှူးကြီး<br>ရဲမင်းဦး | **အစား** | ကြည်း ၃၁၃၇၆<br>ဒုတိယဗိုလ်မှူးကြီး<br>ထိန်လင်း |
| ( ၃ ) | ကြည်း ၂၉၇၇၇<br>ဗိုလ်မှူးစိုးသူ | **အစား** | ကြည်း ၃၂၂၆၀<br>ဒုတိယဗိုလ်မှူးကြီး<br>ဇော်မင်းဦး |

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၁၀ / ၂၀၁၉)**
၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်
( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက် )

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၂. ၄. ၂၀၁၉ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၅၅/ ၂၀၁၉)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| ရေ ၄၀၈၄<br>ဗိုလ်မှူးတင်ထွဋ် | **အစား** | ရေ ၄၃၂၈<br>ဗိုလ်မှူးစိုးကိုကို |

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၈**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။
**မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၈**
စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးပိုနေမည်။
**မိုး/ဇလ**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ဦးချမ်းအေး | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဦးသန်းဇော်ဌေး | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ဂ) ဦးသိန်းဟန် | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ဃ) ဦးမြင့်လွင် | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ဌာန** |
|---|---|
| (က) ဦးအောင်ကျော်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| (ခ) ဒေါက်တာဇော်ဝင်း<br>ဒုတိယပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃) ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၁၁/ ၂၀၁၉ )**
၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်
( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃) ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/ ၂၀၁၆)၊ ၁၄.၁၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၈/ ၂၀၁၆)၊ ၁၄.၁၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃၁/ ၂၀၁၇)၊၁၅.၅.၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၆၃/ ၂၀၁၈)နှင့် ၆.၁၁.၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁၆၉/ ၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၃) ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကချင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၂၃၆၄<br>ဗိုလ်မှူးမျိုးသူအောင် | **အစား** | ကြည်း ၃၄၇၃၆<br>ဗိုလ်မှူးထင်လင်းထွန်း |
| (၂) | ကြည်း ၃၈၁၇၀<br>ဗိုလ်မှူးဆန်းကျော်သူ | **အစား** | ကြည်း ၃၀၇၆၄<br>ဗိုလ်မှူးကျော်သူမျိုး |

**ကရင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၃၄၈၆၆<br>ဗိုလ်မှူးလင်းထွန်း | **အစား** | ကြည်း ၆၀၄၇၁<br>ဗိုလ်ကြီးဟိန်းထက်နိုင် |

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၃၀၄၁၉<br>ဒုတိယဗိုလ်မှူးကြီး<br>သက်နိုင်ဦး | **အစား** | ကြည်း ၂၀၂၃၅<br>ဒုတိယဗိုလ်မှူးကြီး<br>ခင်မောင်လွင် |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၅) | ကြည်း ၂၆၀၉၇<br>ဗိုလ်မှူးကြီးကျော်နိုင်စိုး | **အစား** | ကြည်း ၃၂၅၂၈<br>ဗိုလ်မှူးကျော်လွင်မိုး |
| (၆) | ကြည်း ၂၇၈၉၇<br>ဗိုလ်မှူးနေလင်းရှိဏ် | **အစား** | ကြည်း ၃၂၈၃၄<br>ဗိုလ်မှူးနိုင်လင်းအောင် |

**ရခိုင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၇) | ကြည်း ၂၂၀၀၅<br>ဗိုလ်မှူးသိန်းထွန်း | **အစား** | ကြည်း ၃၈၀၄၂<br>ဗိုလ်မှူးကျော်မျိုးထက် |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၈) | ကြည်း ၂၉၆၉၀<br>ဒုတိယဗိုလ်မှူးကြီး<br>သန်းလွင် | **အစား** | ကြည်း ၃၀၉၈၅<br>ဒုတိယဗိုလ်မှူးကြီး<br>နေသွေး |
| (၉) | ကြည်း ၃၈၀၈၃<br>ဗိုလ်မှူးသူရိန် | **အစား** | ကြည်း ၄၀၂၃၂<br>ဗိုလ်မှူးမျိုးထက်ကျော် |
| (၁၀) | အင်န် ၇၂၁<br>ဗိုလ်မှူးဒေါ်မော်မော်သန်း | **အစား** | အင်န် ၇၄၈<br>ဗိုလ်မှူးဒေါ်ခင်မင်းမင်းမြတ် |

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁၁) | ကြည်း ၂၈၇၈၃<br>ဗိုလ်မှူးမင်းခေါင် | **အစား** | ကြည်း ၂၉၁၀၉<br>ဗိုလ်မှူးမင်းထွဋ် |
| (၁၂) | ရေ ၄၂၄၇<br>ဗိုလ်မှူးဖြိုးသူထွန်း | **အစား** | ရေ ၃၇၈၂<br>ဗိုလ်မှူးအောင်ဇော်သင်း |
| (၁၃) | ကြည်း ၂၉၇၇၀<br>ဗိုလ်ကြီးအောင်ကြည်စိုး | **အစား** | ကြည်း ၅၆၃၉၁<br>ဗိုလ်ကြီးမင်းအောင် |

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်တွင်းရွှေဈေး ကျပ် ၁၁ သိန်းအထက်တွင်ရှိ

**ရန်ကုန် ဇူလိုင် ၈**

ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၁ သိန်းအထက်တွင် ဆက်လက်ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

လက်ရှိ ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၁၁၈၀၀၀ နှင့် ၁၁၂၀၀၀၀ ကြားရှိပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန် ၁၃၉၈ ဒေါ်လာရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"အရောင်းအဝယ်က တစ်လောတုန်းကလည်း ပြန်ရောင်းတာ များတယ်။ တက်ဈေးနဲ့ဆိုတော့ အရောင်းများတယ်။ ဟိုအရင်တုန်းက သိမ်းထားတဲ့ တံဆိပ်အဟောင်းတွေတောင် အကုန်လုံး ပြန်ထွက်လာတယ်။ လက်ရှိမှာလည်း အရောင်းများနေတယ်"ဟု ဦးမျိုးမြင့်က ပြောသည်။

ပြည်တွင်းရွှေဈေး အတက်၊ အကျသည် ကမ္ဘာ့ရွှေဈေးအတက်၊ အကျပေါ်တွင် မူတည်နေပြီး လက်ရှိကမ္ဘာ့ရွှေဈေးမှာ အတက်အကျ မငြိမ်သကဲ့သို့ ပြည်တွင်းရွှေဈေးမှာလည်း ငွေကျပ် ၁၁ သိန်းအထက်တွင်သာ ဆက်လက်ရှိနေနိုင်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် နှစ်စမှစ၍ ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ စံချိန်သစ်များ ထပ်ခါထပ်ခါ ချိုးလာခဲ့ရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ၂၉ ရက်အတွင်း တစ်ကျပ်သားလျှင် ငွေကျပ် ၁၀၅၀၀၀၀ ကျော်၊ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အတွင်း ငွေကျပ် ၁၀၆၀၀၀၀ ကျော်၊ ဖေဖော်ဝါရီ ၈ ရက်မှ ၁၈ ရက်အတွင်း ငွေကျပ် ၁၀၇၀၀၀၀ ကျော်၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက် အတွင်း ငွေကျပ် ၁၀၈၀၀၀၀ ကျော်အထိ စံချိန်သစ်များ ဖြစ်ပေါ်ခဲ့ပြီး ဇွန် ၂၁ ရက်တွင်မူ ယခင်ချိုးထားသည့် စံချိန်များထက် ကျော်လွန်၍ ငွေကျပ် ၁၁၁၀၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။

**ငြိမ်းငြိမ်း**

# ပန်ကြားချင်တာကတော့ ဓာတ်အားခတိုးကောက်တာကို မကြည့်ဘဲ မရသေးတဲ့သူတွေအတွက် လုပ်ပေးတာလို့ နည်းနည်းဆင်ခြင်လိုက်ရင် အခြေအနေတစ်ခု ပြောင်းသွားလိမ့်မယ်လို့ အောက်မေ့ပါတယ်

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

## ဓာတ်အားခအပြောင်းအလဲနှင့် သူတို့အမြင်စကားဝိုင်း

ရှင်မင်း

ဓာတ်အားခအပြောင်းအလဲနှင့် သူတို့အမြင်စကားဝိုင်းတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ Miss Universe Myanmar (2016) ထက်ထက်ထွန်းနှင့် ဦးကိုကို (စက်မှုတက္ကသိုလ်)တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-



**ဦးကိုကို (စက်မှုတက္ကသိုလ်)။** ။ ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်နေ့က စပြီး လျှပ်စစ်ဓာတ်အားခ ပြောင်းလဲသတ်မှတ်တာနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ကြေညာချက်ထွက်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြည်သူတွေကြားထဲမှာ ထောက်ခံတဲ့သူရှိသလို ဝေဖန်သုံးသပ်သူတွေလည်း ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်တယ်လို့ ပြောကြတာလည်းရှိသလို စိုးရိမ်ပူပန်တာတွေလည်း ရှိနေပါတယ်။ ဒါနဲ့ဆက်စပ်ပြီး ဒီနေ့မှာ ဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။ ပထမဆုံး အနေနဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ကနေစပြီး ဆွေးနွေးစေချင်ပါတယ်။ လျှပ်စစ်ဓာတ်အားခ ပြောင်းလဲတာနဲ့ပတ်သက်ပြီး ဆွေးနွေးစေချင်ပါတယ်ခင်ဗျ။

**ဒုတိယဝန်ကြီး။** ။ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်ဓာတ်အားကို ရေအားကနေထုတ်ပါတယ်။ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွေကနေ ထုတ်ပါတယ်။ ဒီလိုထုတ်လုပ်တဲ့အခါမှာ စက်ရုံတွေရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ် ရှိပါတယ်။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနဲ့ လာရောက်တည်ဆောက်တဲ့ ဓာတ်အားပေးစက်ရုံတွေက ဓာတ်အားကိုလည်း ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဝယ်ယူပြီးမှ ပြည်သူကို ဖြန့်ဖြူးပေးတာဖြစ်ပါတယ်။ ဒါကြောင့် ဝယ်ယူစရိတ်တွေ ရှိပါတယ်။ ကိုယ်တိုင်ထုတ်လုပ်စရိတ် ရှိပါတယ်။ ဒီလိုစရိတ်တွေရှိပေမယ့် ပြည်သူကိုရောင်းချတဲ့ ဓာတ်အားခဈေးနှုန်းမှာ ရောင်းတဲ့ဈေးနှုန်းက နည်းပါးပါတယ်။ ဒီလို ပြန်လည်ရောင်းချတဲ့ ဈေးနှုန်းနည်းပါးတဲ့အတွက်ကြောင့် နှစ်စဉ် မူလထုတ်လုပ်စရိတ်၊ ဝယ်ယူစရိတ်တွေကို ပြန်လည်ကာမိအောင် မရရှိခဲ့ပါဘူး။ ဒီအတွက်ကြောင့် နိုင်ငံတော်ဘတ်ဂျက်ကနေ နှစ်တိုင်းစိုက်ထုတ်သုံးစွဲသွားရတာ ဖြစ်ပါတယ်။ အဲဒီလို စိုက်ထုတ်သုံးစွဲသွားရတဲ့ ဘတ်ဂျက်ပမာဏတွေဟာ ပြည်သူကို ဓာတ်အားပိုပေးလေ စိုက်ထုတ်ရတဲ့ နှုန်းထားပမာဏ နှစ်စဉ်ပိုမိုမြင့်မားလာလေဖြစ်ပါတယ်။ ဒီလို နှစ်စဉ်ပိုမိုမြင့်မားလာတော့ နိုင်ငံတော်က လက်ရှိပြည်သူလူထုကို လျှပ်စစ်မီးပေးနေတာ ၂၀၁၆ ခုနှစ်မှာ ၃၄ ရာခိုင်နှုန်းသာ ရှိပါတယ်။ အခု ၂၀၁၉ ခုနှစ်မှာ ၄၅ ရာခိုင်နှုန်းအထိ လျှပ်စစ်မီးပေးလာနိုင်ပါပြီ။ နောက်ထပ်ပေးဖို့ ပြည်သူ ၅၅ ရာခိုင်နှုန်း ကျန်ရှိပါသေးတယ်။

လျှပ်စစ်မီးမရသေးတဲ့ ပြည်သူတွေအတွက် သူတို့နေထိုင်ရာဒေသတွေမှာ လျှပ်စစ်မီးရအောင် ဓာတ်အားလိုင်းတွေ၊ ထရန်စဖော်မာတွေ တိုးချဲ့တည်ဆောက်ပေးဖို့ ဘဏ္ဍာငွေတွေသုံးသင့်ပါတယ်။ ဒ့ါအပြင် တိုးတက်ပြီး လိုအပ်လာတဲ့ လျှပ်စစ်ဓာတ်အားတွေ ထုတ်လုပ်နိုင်ဖို့ ဓာတ်အားပေးစက်ရုံတွေ တိုးချဲ့တည်ဆောက်ဖို့၊ ပုဂ္ဂလိက ဓာတ်အားပေးစက်ရုံတွေကို ဖိတ်ခေါ်ပြီးတော့ တိုးတက်ဝယ်ယူနိုင်ဖို့ ဘဏ္ဍာငွေတွေ လိုအပ်ပါတယ်။

အမြဲတမ်းတိုးမြှင့်ပြီး စိုက်ထုတ်လာရတဲ့ငွေတွေကို ဒီလိုပဲ အမြဲတမ်းစိုက်ထုတ်နေရမယ်ဆိုရင် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေအတွက် ဘဏ္ဍာငွေအသုံးပြုနိုင်ဖို့ အင်မတန်အားနည်းလာပါမယ်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဓာတ်အားခနှုန်းထား အပြောင်းအလဲလုပ်ဖို့ အချိန်သင့်ပြီဆိုပြီး အကြီးအကဲတွေအားလုံးလည်း သုံးသပ်ပါတယ်။ ကျွန်တော်တို့ဌာနတွေကလည်း တွက်ချက်ပြီးတော့ ဒီကိစ္စတွေကို စီစဉ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)။** ။ ဒုတိယဝန်ကြီးက ဓာတ်အားခ ပြောင်းလဲကောက်ခံရတဲ့ အကြောင်းရင်းကို ပြောပြသွားပါတယ်။ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်က စီးပွားရေးပညာရှင်တစ်ယောက်အနေနဲ့ စီးပွားရေးအမြင်နဲ့ ဘယ်လိုချဉ်းကပ် ဆွေးနွေးချင်ပါသလဲ။

> "အမြဲတမ်းတိုးမြှင့်ပြီး စိုက်ထုတ်လာရတဲ့ငွေတွေကို ဒီလိုပဲ အမြဲတမ်းစိုက်ထုတ်နေရမယ်ဆိုရင် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေအတွက် ဘဏ္ဍာငွေအသုံးပြုနိုင်ဖို့ အင်မတန်အားနည်းလာပါမယ်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဓာတ်အားခနှုန်းထား အပြောင်းအလဲလုပ်ဖို့ အချိန်သင့်ပြီဆိုပြီး အကြီးအကဲတွေအားလုံးလည်း သုံးသပ်"

**ဒေါက်တာအောင်ထွန်းသက်။** ။ ဒုတိယဝန်ကြီး ပြောသွားသလို နိုင်ငံတော်အနေနဲ့ ဓာတ်အားပေးတာနဲ့ပတ်သက်ပြီး သုံးသပ်ရရင် ထုတ်လုပ်စရိတ်နဲ့ ပြည်သူကိုကောက်ခံတဲ့ အခနှုန်းထားကြားထဲမှာ စိုက်ထုတ်မှုရှိနေပါတယ်။ မကြာခင်က ဝန်ကြီးဌာနက ကြေညာတဲ့အရာဟာ စီးပွားရေးရှုထောင့်က ကြည့်ရင် ပြုပြင်ပြောင်းလဲမှုတစ်ခုပါ။ လက်ရှိစိုက်ထုတ်မှုကို ပြန်လည်သုံးသပ်တယ်။ ဝန်ကြီးဌာနတိုင်း၊ နိုင်ငံတိုင်းမှာ subsidy နဲ့ပတ်သက်ပြီး ပုံမှန်ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်တယ်။ ပြန်ကြည့်လိုက်ရင် ၂၀၁၄ ခုနှစ်တုန်းက တစ်ကြိမ် ပြန်သုံးသပ်တယ်။ သုံးသပ်ပြီးတော့ သင့်တင့်လျောက်ပတ်တဲ့ နှုန်းထားတွေကို သတ်မှတ်ခဲ့တယ်။ နှုန်းထားတွေသတ်မှတ်တဲ့အခါ ကျွန်တော့်အနေနဲ့ စီးပွားရေးရှုထောင့်တင် မကပါဘူး။ နိုင်ငံရေးဘောဂဗေဒအရ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးတာ လုပ်သင့်တဲ့အလုပ်တစ်ခုကိုလုပ်ရတာ ဖြစ်ပါတယ်။

ဒီလိုပေါ်လစီအသစ်လုပ်တဲ့အခါ အကျိုးရှိသလို အားနည်းချက်လည်း ရှိကောင်းရှိနိုင်ပါတယ်။ ဝန်ကြီးဌာနတွေအားလုံးရဲ့ တာဝန်ကတော့ အကျိုးရှိတာကို လူတွေသိအောင်ပြောဖို့လိုသလို နစ်နာတာမျိုးမဖြစ်အောင်ပါ ။ လက်ရှိအခြေအနေကို စီးပွားရေး ရှုထောင့်ကနေကြည့်ရင် အခုလက်ရှိ စိုက်ထုတ်နေရတဲ့ ပမာဏက ဘယ်သူတွေက အကျိုးအမြတ် အများဆုံးရနေသလဲ စဉ်းစားကြည့်ပါ။ ငွေကြေးသုံးစွဲနိုင်တဲ့သူတွေက အကျိုးရှိပါတယ်။ အဲကွန်းများများဖွင့်လေ သူ့အတွက်တန်လေပါပဲ။ နစ်နာတာကတော့ အခြေခံလူတန်းစားတွေပါ။ နောက်တစ်ခုက လျှပ်စစ်လုံးဝမရတဲ့ သူတွေပါ။ သူတို့အတွက်ရော မကြည့်သင့်ဘူးလား။ မျှော်လင့်တာကတော့ စိုက်ထုတ်မှုကြောင့် ဘဏ္ဍာငွေသက်သာမှုတွေကို အခြေခံပြီးတော့ မရသေးတဲ့သူတွေအတွက်ရအောင် ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီလိုဆိုရင် တိုးမြှင့်ကောက်ခံခြင်းခံရသူတွေကို ပန်ကြားချင်တာကတော့ ဓာတ်အားခတိုးကောက်တာကို မကြည့်ဘဲ မရသေးတဲ့သူတွေအတွက် လုပ်ပေးတာလို့ နည်းနည်းဆင်ခြင်လိုက်ရင် အခြေအနေတစ်ခု ပြောင်း သွားလိမ့်မယ်လို့ အောက်မေ့ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)။** ။ဆရာကြီးက စီးပွားရေးပညာရှင်တစ်ယောက်အနေနဲ့ သုံးသပ်ဆွေးနွေးသွားပါတယ်။ တစ်ဖက်မှာလည်း မီတာခတိုးသွားတဲ့အတွက် အထူးသဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်တွေ တိုးလာနိုင်ပါတယ်။ ဒါနဲ့ဆက်စပ်ပြီး လုပ်ငန်းရှင်တွေဘက်မှာလည်း စိုးရိမ်ပူပန်မှုတွေ၊ စိုးရိမ်သောကလေးတွေရှိနေကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆရာမ ဒေါ်ခိုင်ခိုင်နွယ်က ဆွေးနွေးပေးပါဦး။

**ဒေါ်ခိုင်ခိုင်နွယ်။** ။တကယ်တမ်းက ကုန်ကျစရိတ်နဲ့ ကောက်ခံတဲ့နှုန်းထားကြားမှာ ဟနေတဲ့ကိစ္စပါ။ လုပ်ငန်းရှင်တွေအတွက် ကုန်ကျစရိတ်ကို ကြည့်ရပါတယ်။ နိုင်ငံတော်အနေနဲ့ ဒီလိုကွာဟနေတဲ့ စရိတ်ကို စိုက်ထုတ်ပေးနေရတာကိုလည်း နားလည်သဘောပေါက်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေဘက်ကကျတော့ ကျွန်မတို့ အထည်ချုပ်လုပ်ငန်းဘက်ကကြည့်ပြီး ဆွေးနွေးရမယ်ဆိုရင် အခုပေးနေတဲ့နှုန်းထားနဲ့ နောက်ကောက်ခံမယ့်နှုန်းထားကို ကြည့်လိုက်တဲ့အခါ ယူနစ်နှစ်သောင်းလောက်သုံးတဲ့လုပ်ငန်းက လျှပ်စစ်ဓာတ်အားခ ၃၇ ရာခိုင်နှုန်းလောက် တက်သွားပါတယ်။ ယူနစ်ငါးသောင်းလောက်ဖြစ်သွားရင် ၃၀ ရာခိုင်နှုန်းဖြစ်သွားတော့ ပျမ်းမျှမှာ ၃၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်းလောက်တက်ပါတယ်။ ဒါပေမယ့် ပြန်ကြည့်လိုက်တဲ့အခါ ဒီလိုတက်တဲ့ကုန်ကျစရိတ်မှာ လျှပ်စစ်မီးပျက်တဲ့ကာလတွေ ရှိပါတယ်။ လျှပ်စစ်မီးပျက်ရင် ကျွန်မတို့ ကုန်ကျစရိတ်က ပိုတက်ပါတယ်။ အဲဒီတော့ နိုင်ငံတော်ဘက်၊ လုပ်ငန်းရှင်ဘက် ကွာဟချက်ကို ကြည့်တဲ့အခါ ပြည့်မီအောင်မဟုတ်ဘဲ အထိုက်အလျောက် ကောက်ထားတဲ့အတွက် တာဝန်ရှိပြည်သူတစ်ယောက်အနေနဲ့ ပေးရမယ်ဆိုရင်လည်း တိုးမြှင့်ပါ။ ဒါပေမယ့် မပျက်တော့ မပျက်ပါနဲ့လို့ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လျှပ်စစ်ဓာတ်အားခတက်ပြီး တစ်ဖက်က လျှပ်စစ်မီးလည်း ပျက်တယ်ဆိုရင် ကျွန်မတို့ လုပ်ငန်းရှင်တွေအတွက် ကုန်ကျစရိတ်က တက်သွားပါလိမ့်မယ်။ ဒီသတင်းစကားလေးကို ပေးချင်ပါတယ်။ နောက်တစ်ခုက လုပ်သားထုဘက်မှာလည်း အိမ်စရိတ်က အထိုက်အလျောက်တက်လာပါလိမ့်မယ်။ အဲဒီလို တက်လာတဲ့အခါ သူတို့ကုန်လာတဲ့စရိတ်က လုပ်ငန်းဘက်ကို ပြန်လာရင်ဆိုတဲ့ အကျိုးသက်ရောက်မှုကို ဖြေရှင်းရမယ့်

စာမျက်နှာ ၉ သို့

○ စာမျက်နှာ ၈ မှ

အပိုင်းကလည်း စိန်ခေါ်မှုတစ်ခုဖြစ်လာမယ်လို့ မြင်ပါတယ်။

ဒီလိုစဉ်းစားနေပြီလားဆိုရင် စဉ်းစားနေပါပြီ။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မတို့ရဲ့ အထည်ချုပ်က လက်ခစားမို့ပါ။ ချုပ်ခပဲရတာဖြစ်တဲ့အတွက် စရိတ်က နဂိုကတည်းက တော်တော်များနေပါပြီ။ အမှန်အတိုင်း ပြောရရင် အထည်ချုပ်လုပ်ငန်းထုတ်လုပ်မှု ကုန်ကျစရိတ်မှာ လျှပ်စစ်မီတာခက ၃ ရာခိုင်နှုန်းနဲ့ ၁၀ ရာခိုင်နှုန်းကြားမှာ ရှိပါတယ်။ ဒါထက်ထပ်ပြီး တက်သွားပြီး ချုပ်ခဝင်ငွေကို မတိုးနိုင်ဘူးဆိုရင် အခက်အခဲကတော့ ရှိလာလိမ့်မယ်လို့ ထင်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)။** ။ဆရာမက လုပ်ငန်းရှင်တွေရဲ့အမြင်ကို ဆွေးနွေးသွားတာပါ။ မကြာသေးခင်က စည်ပင်ရွေးကောက်ပွဲမှာ ဝင်ပြိုင်ခဲ့ပြီးတော့ Miss Universe တစ်ယောက်လည်းဖြစ်တယ်။ ကိုယ်တိုင်က ပြည်သူတစ်ယောက်လည်းဖြစ်တယ်။ သုံးစွဲသူပြည်သူတစ်ယောက်အနေနဲ့ လျှပ်စစ်ဓာတ်အား တိုးမြှင့်တာနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။

**ထက်ထက်ထွန်း။** ။လျှပ်စစ်ဓာတ်အားခ တိုးပြီးကောက်ခံတဲ့အခါ ပြည်သူတွေအနေနဲ့ တိုးပြီး ကုန်ကျမှာတော့ ကြိုက်ကြမှာမဟုတ်ပါဘူး။ ဒါက သဘာဝပဲဖြစ်ပါတယ်။ ကောင်းတဲ့အရွေ့ဖြစ်ချင်ဖြစ်ပေမယ့် ပြည်သူဘက်ကတော့ သေချာတာတစ်ခုက ပိုပြီးကုန်ကျမှာကို မကြိုက်ပါဘူး။ တိုးပြီးပေးဆောင်ရရင် ဘာတွေပြန်ရမလဲဆိုတဲ့ မျှော်လင့်ချက်ကတော့ ရှိမှာပါပဲ။ တိုတိုပြောရရင် ပြည်သူဘက်က မေးခွန်းတွေရှိနေပြီ။ ဇူလိုင် ၁ ရက်ကစပြီး တိုးပြီးပေးရတော့မယ်။ ဘာတွေရမလဲဆိုတဲ့ မေးခွန်းပါ။

**ဦးကိုကို(စက်မှုတက္ကသိုလ်)။** ။ တိုးပေးလိုက်တဲ့အတွက်ဘယ်လိုဝန်ဆောင်မှုတွေ ကောင်းလာမလဲဆိုတာ၊ မီးမပျက်စေချင်ဘူးဆိုတာတွေနဲ့ပတ်သက်ပြီး ဒုတိယဝန်ကြီးအနေနဲ့ ဆွေးနွေးပေးပါဦး။

**ဒုတိယဝန်ကြီး။** ။ မီးမပျက်ဖို့ဆိုရင် လျှပ်စစ်ကို ပိုပြီး ထုတ်လုပ်နိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်မရသေးတဲ့ ပြည်သူတွေ မီးရအောင် ကြိုးစားတည်ဆောက်လာတဲ့အခါ အခုအစိုးရလက်ထက်မှာ ၃၄ ရာခိုင်နှုန်းနဲ့ စတဲ့နေရာကနေ ဒီနှစ်ကုန်ဆိုရင် ၅၀ ရာခိုင်နှုန်းအထိ မီးရအောင်၊ ၂၀၂၁ ခုနှစ်အထိဆိုရင် ၅၅ ရာခိုင်နှုန်းအထိ မီးရအောင်ဆိုပြီး ရည်မှန်းချက်ထား ဆောင်ရွက်ပါတယ်။ ဒီလိုရည်မှန်းချက်အောင်မြင်လေ မီးသုံးစွဲမှု ပိုလာလေဖြစ်ပါမယ်။

ထုတ်လုပ်ရေးကဏ္ဍမှာ နိုင်ငံတော်က တာဝန်ယူပြီး ဆောင်ရွက်တဲ့ကဏ္ဍကို တိုးပြီးဆောင်ရွက်ဖို့ လိုသလို ပုဂ္ဂလိကကဏ္ဍမှ လျှပ်စစ်ထုတ်တဲ့သူတွေရဲ့ရင်းနှီးမြှုပ်နှံမှုကဏ္ဍကိုလည်း ကြိုဆိုပေးရမှာဖြစ်ပါတယ်။ ဒီလိုလာပြီး ထုတ်လုပ်ရင် သူတို့ရဲ့ထုတ်လုပ်မှုစရိတ်ကို သူတို့က အရှုံးမခံနိုင်ဘူး။ သူတို့ရဲ့အကျိုးအမြတ်ရတဲ့နှုန်းနဲ့ပဲ ကျွန်တော်တို့ နိုင်ငံကိုရောင်းတဲ့အခါမှာ ဝန်ကြီးဌာနက ဝယ်ရပါတယ်။ ဝယ်တဲ့အခါ ဝယ်ယူစရိတ်ကို တတ်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါအတွက်ကြောင့် ပြန်လည်ရောင်းချတဲ့နှုန်းနဲ့ ကျွန်တော်တို့ ဝယ်ယူရမယ့်နှုန်းကြားမှာ တော်တော်ကွာဟနေပြီး ဝယ်နိုင်တဲ့ ပမာဏနည်းသွားရင် လုပ်ငန်းရှင်ကို ပြန်ပြီး

## မီးမပျက်ဖို့ဆိုရင် လျှပ်စစ်ကို ပိုပြီးထုတ်လုပ်နိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်မရသေးတဲ့ ပြည်သူတွေ မီးရအောင် ကြိုးစားတည်ဆောက်လာတဲ့အခါ အခုအစိုးရလက်ထက်မှာ ၃၄ ရာခိုင်နှုန်းနဲ့ စတဲ့နေရာကနေ ဒီနှစ်ကုန်ဆိုရင် ၅၀ရာခိုင်နှုန်းအထိ၊ ၂၀၂၁ ခုနှစ်အထိဆိုရင် ၅၅ ရာခိုင်နှုန်းအထိ မီးရ အောင်ဆိုပြီး ရည်မှန်းချက်ထား ဆောင်ရွက်ပါတယ်။

တစ်ဖက်မှာလည်း ပြည်တွင်း စက်မှုလုပ်ငန်းရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုအားပေးပါတယ်။ အလားတူ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကိုလည်း အားပေးပါတယ်။ ဒါကြောင့် Ease of Doing Business မှာဆိုရင်လည်း လျှပ်စစ်ဓာတ်အားရရှိရေးနဲ့ ပတ်သက်တဲ့ကဏ္ဍကို ပိုပြီးတော့ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နေပါတယ်။ ရမှတ်တွေမှာ တိုးတက်ရရှိခဲ့ပါတယ်။ အဲဒီတော့ ရမှတ်တိုးတက်ရရှိလာတာနဲ့အတူ လျှပ်စစ်တိုးတက်သုံးစွဲမှုကလည်း များပြားလာပါတယ်။ အဲဒီတော့ မီးမပျက်အောင်ပေးနိုင်ဖို့ဆိုရင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍကို တိုးပြီး ထုတ်လုပ်ဆောင်ရွက်ဖို့လိုပါတယ်။

လျှပ်စစ်ဓာတ်အား ပြန်ပေးရာမှာ အားနည်းသွားတာပါပဲ။ ဒါကြောင့် လျှပ်စစ်ဝယ်ယူသုံးစွဲမယ့် ပြည်သူနဲ့ လုပ်ငန်းရှင်တွေဘက်ကလည်း သူတို့အတွက် လုံလုံလောက်လောက် လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့၊ ဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သူထံက ဝယ်ယူနိုင်တဲ့အားရှိအောင် ပြန်လည်ပံ့ပိုးပေးဖို့ လိုအပ်လာတဲ့ အစိတ်အပိုင်းလေး ပါပါတယ်။ ဒါကြောင့် ဒါဟာ အပြန်အလှန် အကျိုးပြုမယ့် အပြောင်းအလဲတစ်ရပ်လို့လည်း ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။

ဒီနေရာမှာ ဒီနေ့ မီတာခကိုပေးလိုက်ရင် ရုတ်ခြည်း ပြောင်းလဲသွားမှာလားဆိုရင် ဒီလိုတော့ တွေးလို့မရသေးဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့ကရင်းနှီးမြှုပ်နှံသူကို ဖိတ်ခေါ်ထားတယ်။ ရင်းနှီးမြှုပ်နှံသူလာတဲ့အခါ သူတို့လာပြီးထုတ်လုပ်တဲ့ ငါးနှစ်၊ ၁၀ နှစ်အတွက် ဝယ်မယ့် ဝန်ကြီးဌာနဘက်က ဝယ်နိုင်တဲ့စွမ်းပကား ရှိသလားဆိုတာကို တိုင်းတာပါတယ်။ ဒါမှသာ သူတို့အတွက် အာမခံချက်ရှိမှာပါ။ ဝန်ကြီးဌာနက နှစ်တိုင်းချည်း subsidize အများကြီးလုပ်နေရင် နှစ်ရှည်ဘယ်လိုလုပ်ဝယ်နိုင်မလဲ ဆိုတာကိုလည်း သူတို့ကစဉ်းစားပါတယ်။ ဒီအခါ ကျွန်တော်တို့ ဝန်ကြီးဌာနဘက်က ပြည်သူအတွက် အများကြီး subsidize မရှိဘူးဆိုရင် လာရောက်ရင်းနှီးမြှုပ်နှံပြီး လျှပ်စစ်ထုတ်ပေးမယ့်သူတွေ အများကြီး ရောက်လာမှာပါ။ ဒီလို လာရောက်ရင်းနှီးမြှုပ်နှံမယ့်သူတွေ အများကြီးရောက်လာရင် လုပ်ငန်းရှင်တွေလိုချင်တဲ့ မီးမပျက်အောင် ထုတ်လုပ်ပေးနိုင်တဲ့ အခြေအနေကို မကြာမီ နှစ်ကာလတွေမှာ မျှော်လင့်ချက်တွေ အားကောင်းလာတော့မှာ ဖြစ်ပါတယ်။ ဒါက စက်မှုလုပ်ငန်းရှင်တွေအတွက် ပြန်လည်ဖြေဆိုပေးတာဖြစ်ပါတယ်။

ပြည်သူတွေအတွက် အတတ်နိုင်ဆုံး ဝန်ဆောင်မှုကောင်းအောင်၊ မီးမပျက်အောင် လုပ်ပေးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီကလည်း Quick Response လုပ်ပေးနိုင်ရမယ်။ လတ်တလောမှာ ကျွန်တော်တို့အနေနဲ့ ဝန်ထမ်းခန့်ထားရေးကအစ subsidize ဖြစ်နေတဲ့ အချိန်ပါ။ ဝန်ထမ်းဦးရေ တိုးချဲ့ခန့်ထားမှုကို ကန့်သတ်ထားတယ်။ ကျွန်တော်တို့ဆီက ဝန်ဆောင်မှုပေးရတဲ့ လုပ်ငန်းဖြစ်နေတော့ ဝန်ထမ်းရှိမှ ဝန်ဆောင်မှုတွေကို လိုက်ပြီးပေးနိုင်မှာဖြစ်ပါတယ်။ ဒီအခါမှာ ကြက်ဥနဲ့ ကြက်မလို ဖြစ်နေပါတယ်။ ဒီလုပ်ငန်းကို စီးပွားရေးလုပ်ငန်းသဘောအရ လည်ပတ်နိုင်မှုရှိလာရင် ကျွန်တော်တို့က ဝန်ထမ်းတွေကို ပိုပြီးခန့်ထားနိုင်မယ်။ လေ့ကျင့်ပေးနိုင်မယ်။ ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးနိုင်မယ်။ ဒီသဘော ကြိုးစားပြီး စီစဉ်ပေးနိုင်မှာ ဖြစ်ပါတယ်။ (ဆက်လက်ဖော်ပြပါမည်)

# တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

ယူနန်တက္ကသိုလ် မြန်မာ့ရေးရာလေ့လာရေးဌာနနှင့် မြန်မာရေးရာလေ့လာရေးအဖွဲ့တို့ ပူးပေါင်း၍ တရုတ်-မြန်မာစီးပွားရေးစင်္ကြံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ China-Myanmar Sustainable Development and Cooperation under the China-Myanmar Economic Corridor'' ကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပသည်။

**အပိုင်းသုံးပိုင်းခွဲ၍ ဆွေးနွေး**

အဆိုပါဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက် ဌာနခွဲ (ရန်ကုန်)ရှိ မြန်မာရေးရာလေ့လာရေးအဖွဲ့နှင့် တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်မှ မြန်မာ့ရေးရာလေ့လာရေးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ယူနန်တက္ကသိုလ်မှ ပညာရှင် ငါးဦးနှင့် မြန်မာနိုင်ငံဘက်မှ ပညာရှင် ၁၃ ဦးတို့က နှစ်နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အပိုင်းသုံးပိုင်းခွဲ၍ ဆွေးနွေးခဲ့ကြသည်။

ပထမပိုင်းတွင် Green Energy Technologies and Sustainable Development ခေါင်းစဉ်ဖြင့် ဗိသုကာနှင့် မြို့ပြပညာရှင် ဒေါက်တာကျော်လတ်က မြန်မာနိုင်ငံ၏ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပို့ကုန်၊ သစ်တော၊ စိုက်ပျိုးရေး စသောကဏ္ဍများတွင် နှစ်အလိုက်ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်၊ အခြေခံအဆောက်အဦနှင့် စွမ်းအင်လိုအပ်ချက်များအကြောင်း၊ တရုတ်ပညာရှင် Dr. Zanxin Wang က တရုတ်နိုင်ငံ၏ အစိမ်းရောင်စွမ်းအင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒများ၊ အောင်မြင်မှုများနှင့် အကျိုးသက်ရောက်မှု၊ Naymin Energy System မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမော်က မြန်မာနိုင်ငံ၏ လက်ရှိအစိမ်းရောင် စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှု အကြောင်းနှင့် စွမ်းအင်ဆိုင်ရာ အသုံးပြုမှုများအကြောင်း၊ တရုတ်ပညာရှင် Dr. Jingjing Song က မြန်မာနိုင်ငံ၏ လူမျိုးစုပဋိပက္ခများ၏ လက်ရှိမြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများအကြောင်းကို ဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်**

ဒုတိယပိုင်းတွင် Governance: Problems and Challenges ခေါင်းစဉ်ဖြင့် Sandi Governance Institute မှ ဦးခိုင်ဝင်းက အောင်မြင်မှုရရှိခဲ့သော နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်သည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကိစ္စ၊ တရုတ်ပညာရှင် Dr. Mei Li က ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အခွန်ကောက်ခံမှုဆိုင်ရာကိစ္စ၊ အဆိုပါ ကောက်ခံရရှိသော အခွန်များမှ ပြည်နယ်အစိုးရများအား လိုအပ်သည့်နေရာများတွင် ထောက်ပံ့ဖြည့်ဆည်းပေးမှု၊ ဒေါက်တာတင်မောင်သန်း(MDRI-CESD) က ပရောဂျက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ဆောင်ရာတွင် အစိုးရပိုင်းအတွင်း ပြဿနာများနှင့် စိန်ခေါ်မှု၊ ယူနန်တက္ကသိုလ် အရှေ့တောင်အာရှ လေ့လာရေးဌာနမှ လက်ထောက်ပါမောက္ခ Lyu Xing က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများတွင် ပြည်သူလူထု၏အမြင်များအကြောင်းနှင့်မြန်မာမီဒီယာများ ရင်ဆိုင်ရမည့် စိန်ခေါ်မှု၊ မြန်မာအစိုးရနှင့် မီဒီယာများအနေအထားနှင့် မီဒီယာများ၏ တာဝန်ယူရမည့်အပိုင်းကို ဆွေးနွေးကြသည်။

တတိယပိုင်းတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏ တိုးတက်မှုများ ခေါင်းစဉ်ဖြင့် ဦးဇော်အောင်က တရုတ်-မြန်မာစီးပွားရေးစင်္ကြံ တည်ဆောက်မှုနှင့်ဆိုင်သော စိန်ခေါ်မှု၊ အစိုးရသစ်လက်ထက် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာများ၊ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ မူဘောင်များ၊ ရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်များ၊ အလွှာစုံချိတ်ဆက်ဆောင်ရွက်မှု၊ တရုတ်ပညာရှင် Dr. Yang Xiangzhang နှင့် ဒေါက်တာမြင့်ဆန်းတို့က တရုတ်-မြန်မာ စီးပွားရေးစင်္ကြံခေါင်းစဉ်မှ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ (ရန်ကုန်)ရှိမြန်မာရေးရာလေ့လာရေးအဖွဲ့ကို ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံတွင် သုတေသနလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးရေး၊ သုတေသနအခြေခံ စာစောင်များ ထုတ်ဝေနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

**စတင်တည်ထောင်**

ယူနန်တက္ကသိုလ် မြန်မာ့ရေးရာလေ့လာရေးဌာနကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ထောင်ခဲ့သည်။ ၎င်းကို ၂၀၁၁ ခုနှစ်တွင် မြန်မာ့ရေးရာလေ့လာရေး စင်တာအဖြစ် စတင်တည်ထောင်ခဲ့ရာ ၁၉၈၆ ခုနှစ် အမေရိကန် Northern Illinois University ၌ တည်ထောင်ခဲ့သော မြန်မာ့ရေးရာလေ့လာရေးစင်တာပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယမြောက် အတတ်ပညာဆိုင်ရာ မြန်မာ့အရေးလေ့လာရေးအဖွဲ့အစည်းတစ်ခုဖြစ်ခဲ့ပြီး လက်ရှိတွင် တရုတ်နိုင်ငံ၌ တစ်ခုတည်းသော လက်တွေ့ မြန်မာ့ရေးရာလေ့လာရေးအဖွဲ့အစည်းတစ်ခု ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၆ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | နေပြည်တော် ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ လွှပုံကျေးရွာနေ အောင်ရွှေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၇-၂၀၁၉ ရက်နေ့တွင် တပ်ကုန်းမြို့နယ်၊ လွှပုံကျေးရွာနေ အောင်ရွှေ (၅၂)နှစ်၊ (ဘ)ဦးတုတ်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ဇနီးဖြစ်သူ မမော်မော်(၄၄) နှစ်၊ (ဘ)ဦးညဏ်အောင်နှင့် ရမည်းသင်းမြို့နယ်၊ ဆတ္တိုးကြီးကျေးရွာနေ ကိုဇော်(ခ) ဖိုးကော် (၃၇)နှစ်(ဘ) ဦးကျော်လှတို့အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ(တပ်ကုန်း) မယ (ပ)၁၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ သဝန်ကျေးရွာနေ မောင်မြင့်နှင့် ချစ်ဝင်းတို့သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၇-၂၀၁၉ရက်နေ့တွင် မော်လိုက်မြို့နယ်၊ သဝန်ကျေးရွာနေ မောင်မြင့် (၅၉)နှစ်၊ (ဘ)ဦးဖိုးသိုက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်)မယ(ပ)၂၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ ချစ်ဝင်း (၆၀) နှစ်၊ (ဘ)ဦးမောင်သန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်) မယ(ပ) ၂၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ မထုကြီးကျေးရွာနေ မင်းထွန်းနှင့် ဇော်မြင့်တို့သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၇-၂၀၁၉ ရက်နေ့တွင် ကလေးဝမြို့နယ်၊ မထုကြီးကျေးရွာနေ မင်းထွန်း (၄၀)နှစ်၊ (ဘ)ဦးကျောက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေးဝ)မယ(ပ)၁၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း၊ အလားတူ ၄-၇-၂၀၁၉ ရက်နေ့တွင် ၎င်းမြို့နယ်၊ ကလေးဝ-မော်လိုက်ကားလမ်း မိုင်တိုင်(၀/၁)၌ အမှတ်(၂)ရပ်ကွက်နေ ဇော်ခိုင်(၄၅)နှစ်၊ (ဘ)ဦးညွှန့်လွင်နှင့် အောင်ဆန်းဦး(၃၁)နှစ်၊(ဘ) ဦးအောင်ကျော်မိုးတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများမှာ မထုကြီးကျေးရွာနေ ဇော်မြင့်(၄၃) နှစ်၊ (ဘ) ဦးခင်မောင်သန်းထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ဇော်မြင့်၏နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ၎င်းတို့(၃)ဦးအား မမစ(ကလေးဝ)မယ(ပ)၁၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာနေ မင်းဇော်လွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၇-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာနေ မင်းဇော်လွင် (၂၃)နှစ်၊ (ဘ)ဦးမြသွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ)မယ(ပ)၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ လေ့ဘိုကျေးရွာနေ မယောင်း(ခ)ခင်မေဝင်းနှင့် မကုလားမ(ခ)မြင့်မြင့်အေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း၊ သတင်းပေးပို့ခြင်း။ | ၅-၇-၂၀၁၉ ရက်နေ့တွင် ကသာမြို့နယ်၊ လေ့ဘိုကျေးရွာနေ မယောင်း (ခ)ခင်မေဝင်း(၃၉)နှစ်၊ (ဘ)ဦးကျော်အုန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများမှာ တစ်ရွာတည်းနေ မကုလားမ(ခ) မြင့်မြင့်ထွေး(၄၃)နှစ်၊ (ဘ)ဦးတင်အောင်ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်ပစ္စည်း တစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း ၎င်းတို့(၂)ဦးအား နမစ(အင်းရွာ) မယ(ပ) ၁၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့ ရွှေပြည်ရန်နိုင်ရပ်ကွက်နေ အလီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၇-၂၀၁၉ ရက်နေ့တွင် ပျော်ဘွယ်မြို့ ရွှေပြည်ရန်နိုင်ရပ်ကွက်နေ အလီ(ခ) ခင်မောင်မြင့်(၄၆)နှစ်၊ (ဘ)ဦးတင်အောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပျော်ဘွယ်) မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၁) ရပ်ကွက်နေ ဆိတ်ကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၇-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်နေ ဆိတ်ကြီး (ခ)မျိုးစန်းဦး(၃၀)နှစ်၊ (ဘ)ဦးခင်မောင်ဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများအား ၎င်းလမ်းနေ မျိုးမင်းဌေး(ခ)အကြီးကောင်(၃၂)နှစ်၊ (ဘ) ဦးသန်းဌေးထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်း၏ နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာမတွေ့ရှိရသော်လည်း ၎င်းတို့ (၂)ဦးအား မမစ(ဒေါပုံ)မယ(ပ)၂၈/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ (၂၇) လမ်းနေ ဒေါ်မိုးမိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၇-၂၀၁၉ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၇)လမ်းနေ ဒေါ်မိုးမိုး (ခ) ကြည်ကြည်ဝင်း (၅၂)နှစ်၊ (ဘ)ဦးမောင်ကြီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိရဘဲ ၎င်း၏သမက် ကျော်မင်းထွန်း (ခ)စီဖုံး(၂၁)နှစ်၊(ဘ)ဦးထွန်းထွန်းဝင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိပြီး (၁၂)ရပ်ကွက်၊(၁၀)လမ်းပေါ်၌ ဒေါ်မိုးမိုး(ခ) ကြည်ကြည်ဝင်းအား ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦး အား မမစ(တောင်ဥက္ကလာပ)မယ(ပ)၂၅/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀ (က)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကျိုင်းတောင်းမြို့နယ်၊ ဝိန်းကောင်းကျေးရွာနေ အိုက်ဦးနှင့်ဇနီး နန်းဝမ်းတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၇-၂၀၁၉ ရက်နေ့တွင် ကျိုင်းတောင်းမြို့နယ်၊ ဝိန်းကောင်းကျေးရွာနေ အိုက်ဦး(ခ) စိုင်းမင်းဦး(၃၂)နှစ်၊ (ဘ)ဦးသက်ပြင်းနှင့်ဇနီး နန်းဝမ်း(ခ) ပါဝမ်း(၅၃)နှစ်၊ (ဘ)ဦးလုံကန္တတို့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား နမစ(ကျိုင်းတောင်း)မယ(ပ) ၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၆-၇-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၈၀)မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၈၉၄)ဦး၊ မ(၁၇၁)ဦး၊ ပေါင်း(၁၀၆၅)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၄၁၆.၁၀၈၄)ဂရမ်၊ ICE (၇၃.၇၂)ဂရမ်၊ ဘိန်း(၃၉၇၆၄.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၀၃၄၃၇)ပြား၊ ဆေးခြောက်(၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ(၁၇)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး ဆောင်ရွက်ခြင်းတို့ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၅၀)ပြား၊ ဘိန်းဖြူ(၄၄၀)ဂရမ်၊ ကြက်ပေါင်ခြံရပ်ကွက်၊ ဂေါက်ကွင်းလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၂၄၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနိုင်းမြို့ မုန်ဒိန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ အဆင့်နိမ့်ဘိန်း(၉၀)ဂရမ်၊ မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာအနီး လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၅၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖားကန့်မြို့နယ်၊ ဖဝါကျေးရွာအထွက် မော်ပုံ-တောမော်သွားလမ်းပေါ်၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၆၅၀)ပြား၊ ဘိန်းဖြူ(၂၄၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဗန်းမော်မြို့နယ်၊ ရွာသာယာကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦး ထံမှ စိတ်ကြွဆေးပြား (၅၅၀)ပြား၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ နာနတ်တောရပ်ကွက်၌ တရားခံအမျိုးသား(၄) ဦးထံမှ စိတ်ကြွဆေးပြား(၄၆၅)ပြား၊ ပိန်းချစ်ကျေးရွာအနီး လွိုင်လင်လေး-အိုင်စန့်သွားကားလမ်းပေါ်၌ သတင်းအရ Nissan Fuga ယာဉ်အားစစ်ဆေးရန်တားဆီးစဉ် စစ်ဆေးရေးအဖွဲ့အား ကားဖြင့်ပွတ်တိုက်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၈၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၆၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၇)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂.၁) ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၉၂) ပြား၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၉၆)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကပ္ပကောင်းကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၅) ပြား၊ ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်၊ ထမ့်ဆိုင်းကျေးရွာအနီး မောက်မယ်-ဆိုက်ခေါင်သွား ကားလမ်းပေါ်၌ သတင်းအရ Alfa Romeo ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး (၁)ဦးထံမှ ဘိန်းဖြူ(၁၄၃၀)ဂရမ်၊ ICE(၁၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ပင်းတယမြို့နယ်၊ ကျောက်ဆောင်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၆၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ အောင်ပန်းမြို့ မိုးကောင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက် (၁၅၀၀)ဂရမ်၊ လားရှိုးမြို့ အမှတ်(၅)ရပ်ကွက်၌တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၁၀၁၄၀)ပြား၊ အမှတ်(၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅) ပြား၊ ဘိန်းဖြူ(၃)ဂရမ်၊ ဘိန်းဆီခဲ (၂.၃)ဂရမ်၊ သိန္နီမြို့နယ်၊ ရေပူစစ်ဆေးရေးဂိတ်၌ သတင်းအရ ယာဉ်အားစစ်ဆေးရန် တားဆီးစဉ် မော်တော်ယာဉ်အား ရပ်တန့်ကာ ယာဉ်မောင်းခုန်ချထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်ပေါ်ရှိ ပလတ်စတစ်ဘူးများအတွင်းမှ Sulphuric Acid(၆၄၈၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ မူဆယ်မြို့နယ်၊ ပန်ခမ်းတံတား၌ သတင်းအရ ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ Ethyl Acetate(၁၂၈၀၀)လီတာ၊ မော်တော်ယာဉ် (၁)စီး၊ ကျောက်မဲမြို့ တောင်နောက်ကျေးရွာ၊ ကျောက်မဲ-မိုးကုတ်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၃၉)ပြား၊

**စာမျက်နှာ ၁၁ သို့ »»**

»» စာမျက်နှာ ၁၀ မှ

ဘိန်းဖြူ (၁၁၀) ဂရမ်၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၄၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မဘိမ်းမြို့နယ်၊ ကွန်းတောကျေးရွာအနီး လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ငါးအိုးကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀)ပြား၊ ဘိန်းဖြူ(၉)ဂရမ်၊ ကုန်းကြမ်းမြို့နယ်အတွင်း နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် ရှောက်ကျုံးရှန်းကျေးရွာအနီး လူနေထိုင်ခြင်းမရှိသည့် ပိုင်ရှင်စိစစ်ဆဲနေအိမ်(၂)လုံး၏ မြေအောက်ခန်းအတွင်း သိုဝှက်သိမ်းဆည်းထားသည့် ကဖင်း(၈၀၀၀)ဂရမ်၊ Sulphuric Acid(၅၅)လီတာ၊ Hydrochloric Acid(၁.၄) လီတာ၊ Ethanol(၆၄)လီတာ၊ Acetone(၁၀)လီတာ၊ Sodiumhydroxide (၄၂၀၀၀) ဂရမ်၊ Brown Charcoal (၁၀၀၀၀) ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ကျိုင်းတုံမြို့နယ်၊ နောင်ဖာရဲကင်းစခန်းရှေ့၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကတ်ဝိုးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၇၆)ပြား၊ ဘိန်းဖြူ(၀.၄)ဂရမ်၊ မိုင်းဆတ်မြို့နယ်၊ မယ်ကြုတ်(၂) ကျေးရွာနှင့် မယ်ကြုတ်(၁)ကျေးရွာသွားကားလမ်းဘေးလျှိုအတွင်း ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၇၅၂၀)ပြား၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ တာချီလိတ်မြို့နယ်၊ ပါကွေ့(အောက်)ကျေးရွာလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၅၀)ပြား၊ ဘိန်းဖြူ(၀.၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာရှိ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား(၁၆၅၀)ပြား၊ ဘိန်းဖြူ (၁၀.၆)ဂရမ်၊ ဆန်ဆိုင်း(ခ)ရပ်ကွက်လမ်းမပေါ်၌ သတင်းအရ Harrier ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ မံနားကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၅) ပြား၊ ဘိန်းဖြူ (၁၈.၆၅)ဂရမ်၊ ချောင်းဦးမြို့နယ်၊ မုန်ချိုကျေးရွာအနီး ချောင်းဦး-ပခုက္ကူသွားကားလမ်း မိုင်တိုင်(၁/၂)၌ သတင်းအရ တမူး-မန္တလေးသွား ခရီးသည်တင်မှန်လုံယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၄)ဦးထံမှ Ketamine Injection (၂၂၅၉)ပုလင်း၊ မော်တော်ယာဉ်(၁)စီး၊ ခန္တီးမြို့နယ်၊ လသာတိုးချဲ့ကွက်သစ်၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၂)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၀.၈)ဂရမ်၊ ဘိန်းဖြူ(၀.၂)ဂရမ်၊ လက်ဖက်ခင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၅)ပြား၊ ဘိန်းဖြူ(၀.၆)ဂရမ်၊ ဟုမ္မလင်းမြို့နယ်၊ နန့်စက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၃)ပြား၊ ဘိန်းဖြူ(၃၀) ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ရေး-ထားဝယ်သွားကားလမ်း မလွှဲတောင်စစ်ဆေးရေးဂိတ်၌ သတင်းအရ Landcruiser ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၉၈၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကျောက်မော်ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၀၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာ၊ စက်ကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၊ ထန်းတစ်ပင်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၈၁)ပြား၊ ဆက်လက်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၊ သီရိမင်္ဂလာရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၆၉)ပြား၊ သတင်းကွင်းဆက်အရ ရေးမြို့နယ်၊ အာယုတောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ယခင်သီတင်းပတ်၌ ထုတ်ပြန်ခဲ့သည့် စက်လှေနစ်မြုပ်၍ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ်ကျေးရွာများသို့ မျောပါလာသည်ဟု ယူဆရသည့် ပိုင်ရှင်မဲ့ ICE များ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်နှင့်ဆက်စပ်၍ ယခုသီတင်းပတ်အတွင်း လောင်းလုံမြို့နယ်၊ သင်ပုန်းကျွန်းပင်လယ်ကမ်းစပ်သို့ မျောပါလာပြီး ရေစိုပျက်စီးမှုမရှိသည့် ပလတ်စတစ်ထုပ် (၂)ထုပ်အတွင်းမှ ICE(၁၀၀၀)ဂရမ်၊ မြိတ်မြို့ ရွှေပြည်တန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၆)ပြား၊ ဘိန်းစာမှုန့်(၆၀)ဂရမ်၊ အင်္ဂမော်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့် (၃၅၅)ဂရမ်၊ ပုလောမြို့ အမှတ်(၄)ရပ်ကွက်၊ သီတာအိုင်တံတားအနီးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၄၃)ပြား၊ ဘိန်းစာမှုန့်(၂၄.၄၉၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဘုတ်ပြင်းမြို့နယ်၊ ကြိမ်နီတောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့် (၄၀၈.၂၅)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ အမှတ်(၃)နယ်မြေရဲစခန်းရှေ့၌ သတင်းအရ Hyundai (၆)ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၈၇၀၀)ဂရမ်၊ ဘိန်း(၄၇၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မဲကင်းကုန်းကျေးရွာအနီး၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၇၇၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်မြို့သစ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁)ပြား၊ Diazepam Injection(၂၆)ပုလင်း၊ ဆိုင်ကယ်(၁)စီး၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးကုတ်မြို့နယ်၊ မိုးကုတ်-ချောင်းကြီးကျေးရွာသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၁၉၀)ပြား၊ ဘိန်းဖြူ(၂၄) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်းငွေကြွယ်(က)ရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၁၂၀.၃၃)ဂရမ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀)ပြား၊ ICE(၀.၁)ဂရမ်၊ ကွင်းဆက် စိစစ်ဖော်ထုတ်ချက်အရ(၅၁)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၂၇)ပြား၊ ICE(၅၅) ဂရမ်၊ ဆေးခြောက်(၂၆.၁၂၈)ဂရမ်၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၁၅)ပြား၊ ICE(၆)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ ဗိုလ်မြတ်ထွန်းလမ်းပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၀)ပြား၊ ဆိုင်ကယ်(၁)စီးအားလည်းကောင်း၊ နိုင်ငံခြားသားပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့နယ်၊ ရန်လုံကျိုင်းကျေးရွာအနီးလမ်းပေါ်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၂၀)ပြားအား လည်းကောင်း၊ လက်နက်နှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၁)ခုရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ လယ်တောင်ယာကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၃၉)ပြား၊ တူမီးသေနတ်(၁)လက်တို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၃၀-၆-၂၀၁၉ရက်နေ့မှ ၆-၇-၂၀၁၉ ရက်နေ့အထိ) အတွင်း အမှုပေါင်း(၂၂၈)မှု၊ တရားခံကျား(၂၇၂)ဦး၊ မ(၃၄)ဦး၊ ပေါင်း(၃၀၆)ဦး၊ စိတ်ကြွဆေးပြား(၁၆၈၅၃၅)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၂.၉) ဂရမ်၊ ဘိန်းဖြူ (၂၁၅၆၁.၈၄၉၁)ဂရမ်၊ ICE(၂၀၆၅.၂၉)ဂရမ်၊ ဘိန်း (၄၇၇၄၈.၇၉) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀.၅)ဂရမ်၊ ဘိန်းစာမှုန့်(၈၄၇.၇၄၅)ဂရမ်၊ ဘိန်းဆီခဲ(၂.၃)ဂရမ်၊ ဆေးခြောက် (၁၇၂၅.၄၇၈)ဂရမ်၊ Ketamine Injection (၂၂၅၉)ပုလင်း၊ Diazepam Injection (၂၆)ပုလင်း၊ Sulphuric Acid (၆၅၃၅)လီတာ၊ Ethyl Acetate (၁၂၈၀၀)လီတာ၊ ကဖင်း(၈၀၀၀)ဂရမ်၊ Hydrochloric Acid(၁.၄)လီတာ၊ Ethanol(၆၄)လီတာ၊ Acetone (၁၀)လီတာ၊ Sodiumhydroxide (၄၂၀၀၀)ဂရမ်၊ Brown Charcoal (၁၀၀၀၀) ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ တူမီးသေနတ်(၁)လက်တို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ပြန်/ဆက် အရာရှိများအတွက် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြန်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ် သင်တန်းကျောင်း(ဒက္ခိဏ)၌ ကျင်းပသည်။





**အသိပညာဗဟုသုတပြည့်ဝနေရမည်**

မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကားပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်သုံးရပ်မှာ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်တို့ဖြစ်ပါကြောင်း၊ ပြန်ကြားရန်ဆိုသည့်စကားသည် အလွန်ကျယ်ပြန့်ပါကြောင်း၊ မိမိတို့ဌာနသည် ပြည်သူကို ပြန်ကြားပေးရန်၊ အသိပညာပေးရန်အတွက် ကိုယ်ကိုယ်တိုင် အသိပညာဗဟုသုတပြည့်ဝနေရမည်ဖြစ်ပါကြောင်း။

ယနေ့ပြုလုပ်သည့် သင်တန်းတွင် သတင်းရေးသားထုတ်ပြန်နည်းအပြင် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (Media and Information Literacy - MIL)နှင့် ရွေးကောက်ပွဲဆိုင်ရာ သိနားလည်မှု (Electoral Literacy) နှင့် ဒစ်ဂျစ်တယ်ပညာ သိနားလည်မှု (Digital Literacy) တို့ကို ကျွမ်းကျင်သည့်သင်တန်းဆရာများက ပို့ချပေးသွားမည်ဖြစ်ကြောင်း။

**အကျိုးရှိအောင် အသုံးချနိုင်ရန် လိုအပ်**

သင်တန်းကရရှိလာမည့် အတွေ့အကြုံ၊ ဗဟုသုတများကို မိမိတို့၏နေ့စဉ်လုပ်ငန်းတွင် အသုံးချသည်သာမက သင်တန်းတက်ခွင့်မရသည့် လုပ်ဖော်ကိုင်ဖက်များသို့ ဆင့်ပွားသင်တန်းများပို့ချပြီး တိုင်းပြည်အတွက် အကောင်းဆုံးနှင့် အကျိုးရှိအောင် အသုံးချနိုင်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အမှတ်စဉ်(၁) ကို ဇူလိုင် ၈ ရက်မှ ၁၈ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သင်တန်းနည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း မြောင်းမြဆေးရုံသို့ သွေးလှူဒါန်းကြမည်

**ရန်ကုန် ဇူလိုင် ၈**

မြောင်းမြရိုင်ဆေးရုံအုပ်ကြီး၏ မေတ္တာရပ်ခံချက်အရ “စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်း” က ကြီးမှူးလျက် မြောင်းမြဆေးရုံကြီးသို့ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ဇူလိုင် ၁၆ ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မှ ထွက်ခွာမည်ဖြစ်ပြီး ညနေ ၅ နာရီတွင် ရန်ကုန်သို့ ပြန်ရောက်မည်ဖြစ်သည်။ မည်သူမဆို လိုက်ပါသွေးလှူဒါန်းနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအား “စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း” မှ မနက်စာ၊ နေ့လယ်စာ၊ ရေသန့်များ၊ အမှတ်တရလက်ဆောင်တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး လိုက်ပါသွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် “စန်းမောင်မြင့် သွေးလှူကုသိုလ် ဖောင်ဒေးရှင်း” ဖုန်း ၀၉ -၂၅၃၄၄၈၀၀၈ နှင့် ၀၉ ၅၁၃၅၅၁၅ တို့သို့ ဇူလိုင် ၁၄ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**စန်းမောင်မြင့်**

### မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ဂရိရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင် အနိုင်ရ

**အေသင် ဇူလိုင် ၈**

ဂရိရွေးကောက်ပွဲတွင် အဓိကအတိုက်အခံပါတီက အနိုင်ရရှိခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

အတိုက်အခံပါတီအနိုင်ရရှိခဲ့သည့်အတွက် နိုင်ငံအတွင်း၌ လေးနှစ်အတွင်း ပထမဆုံးအကြိမ် အစိုးရအပြောင်းအလဲဖြစ်ပေါ်မည်ဖြစ်သည်။

ရွေးကောက်ပွဲတွင် လွှတ်တော်အမတ်နေရာ ၃၀၀ အတွက် ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ် အဲလက်စ်တီစ်ပရာစ်၏ ဆိုင်ရီဇာပါတီက ထောက်ခံမဲ ၈၆ မဲခန့်သာ ရရှိခဲ့ပြီး အတိုက်အခံခေါင်းဆောင် ကေရီယာကိုစ် မတ်ဆိုတာကစ်၏ နယူးဒီမိုကရေစီပါတီက ၁၅၈ မဲအသာဖြင့် အနိုင်ရရှိခဲ့သည်။

မဲရလဒ်များထွက်ပေါ်ခဲ့ပြီးနောက် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဝန်ကြီးချုပ် အဲလက်စ်တီစ်ပရာစ်က ၎င်း၏ပါတီရွေးကောက်ပွဲတွင် အရေးနိမ့်ခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ထို့ပြင် မဲရလဒ်ထွက်ပေါ်မှုကို အလေးထားပါကြောင်းနှင့် အတိုက်အခံခေါင်းဆောင် ကေရီယာကိုစ် မတ်ဆိုတာကစ်အား ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

မဲဆွယ်စည်းရုံးရေးကာလအတွင်း အတိုက်အခံခေါင်းဆောင် ကေရီယာကိုစ်က ဝန်ကြီးချုပ်အဲလက်စ်တီစ်ပရာစ်၏ မူဝါဒများကို ရှုတ်ချပြောဆိုခဲ့သည်။ နိုင်ငံ၏ စီးပွားရေး ပြန်လည်ကောင်းမွန်လာစေရန် အခွန်အခများ ကောက်ခံခြင်းကို လျှော့ချမည်ဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကိုလည်း တိုးမြှင့်လုပ်ဆောင်မည်ဟု ကတိပြုပြောကြားခဲ့သည်။

ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့သည့် အတိုက်အခံခေါင်းဆောင် ကေရီယာကိုစ်က ပြည်သူများအနေဖြင့် ၎င်းအားရွေးချယ်ခဲ့သည်မှာ နိုင်ငံ၏အနာဂတ်ကောင်းမွန်စေရေးအတွက် အလုပ်အကိုင်များဖန်တီးပေးမှုနှင့် စီးပွားရေးပြန်လည်တောင့်တင်းခိုင်မာလာစေရန် လုပ်ပိုင်ခွင့်အာဏာကို အပ်နှင်းပေးအပ်ခဲ့ခြင်းပင်ဖြစ်သည်ဟု မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဂရိပြည်သူများသည် ခြိုးခြံချွေတာရေးလမ်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ကာ နိုင်ငံ၏ စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**






# အာဖရိက လွတ်လပ်သောကုန်သွယ်ရေးဇုန်စာချုပ်၌ နိုင်ဂျီးရီးယား လက်မှတ်ရေးထိုး

**လေဂိုစ့် ဇူလိုင် ၈**

အာဖရိကတိုက်လုံးဆိုင်ရာ လွတ်လပ်သောကုန်သွယ်ရေးဇုန်စာချုပ်တွင် ပါဝင်ရန် နိုင်ဂျီးရီးယားနိုင်ငံက ဇူလိုင် ၇ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် ယင်းလက်မှတ်ရေးထိုးမှုသည် အာဖရိကတစ်တိုက်လုံးရှိ ပြည်သူသန်း ၁၂၀၀ ကျော်အတွက် တစ်ခုတည်းသော ကြီးမားသော ဈေးကွက်အစစ်အမှန်ဖြစ်ပေါ်ရေးအတွက် နီးကပ်သွားစေသည့် အဆင့်တစ်ခုဖြစ်ကြောင်း သိရသည်။

အာဖရိကသမဂ္ဂခေါင်းဆောင်များ၏ ယခုနှစ် မေလအတွင်းက နိုင်ဂျာနိုင်ငံတွင် ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးသည် အာဖရိကတိုက်လွတ်လပ်သော ကုန်သွယ်ရေးဒေသ သဘောတူညီမှု ရရှိရေးအတွက် တွန်းအားတစ်ရပ် ဖြစ်ခဲ့သည်။

ယင်းထိပ်သီးအစည်းအဝေး၏ ရည်ရွယ်ချက်မှာ အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြားရှိ သွင်းကုန်အပေါ် အခွန်စည်းကြပ်ကောက်ခံခြင်းများကို ဖယ်ရှားရန် အဆင့်တစ်ခုအဖြစ် လုပ်ဆောင်ရန်ဖြစ်သည်။

အာဖရိကတိုက် လွတ်လပ်သော ကုန်သွယ်ရေးဇုန်၏ အနာဂတ်ဌာနချုပ်ကို ဂါနာနိုင်ငံတွင် တည်ထောင်ရန် အာဖရိကသမဂ္ဂအဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

အာဖရိကတိုက်တွင် လူဦးရေအများဆုံးနှင့် စီးပွားရေးအင်အားအကြီးမားဆုံးဖြစ်သည့် နိုင်ဂျီးရီးယားနိုင်ငံက လွတ်လပ်သော ကုန်သွယ်ရေးဇုန်သဘောတူညီမှုသည် ၎င်းနိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်လာနိုင်ဖွယ်ရှိမှုများကြောင့် သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန် လအတန်ကြာနှောင့်နှေးလျက်ရှိခဲ့ပြီးနောက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အာဖရိကတိုက်ရှိ နိုင်ငံတိုင်းစီတွင်ရှိသော ပြည်သူများသည် လွတ်လပ်သောကုန်သွယ်ရေးဇုန်၏ အကျိုးကျေးဇူးများကို နားလည်သဘောပေါက်ကြပြီးဖြစ်ကြောင်း နိုင်ဂျီးရီးယားသမ္မတ မိုဟန်မာဒူဘူဟာရီက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ အဖွဲ့ဝင် ၅၅ နိုင်ငံအနက် အီရီထရီးယားနိုင်ငံမှလွဲ၍ ကျန် ၅၄ နိုင်ငံတို့က ယင်းလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်၌ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယတွင် ခရီးသည်တင်ယာဉ် ရေနုတ်မြောင်းအတွင်းထိုးကျ၊ ခရီးသည် ၂၉ ဦး သေဆုံး၊ ၁၈ ဦး ဒဏ်ရာရ

**နယူးဒေလီ ဇူလိုင် ၈**

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီနှင့် အဂ္ဂရာမြို့များသို့ ဆက်သွယ်ထားသည့် ယမုံနာအမြန်လမ်းတွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီး ရေနုတ်မြောင်းတစ်ခုအတွင်း ထိုးကျခဲ့ရာ ခရီးသည် ၂၉ ဦးထက်မနည်း သေဆုံးပြီး ၁၈ ဦး ဒဏ်ရာရခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြားသည်။

လူ ၅၀ ကျော် တင်ဆောင်လာသည့် ယင်းခရီးသည်တင်ဘတ်စ်ကားသည် ယမုံနာအမြန်လမ်းတစ်လျှောက် မောင်းနှင်လာစဉ် လမ်းဘေးရှိ ကွန်ကရစ် အတားအဆီးတုံးများကို ဝင်တိုက်မိကာ အနက် ၁၂ မီတာကျော် (ပေ ၄၀)ခန့်ရှိ ရေနုတ်မြောင်းအတွင်းသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။ ယမုံနာအမြန်လမ်းသည် ယဉ်မတော်တဆမှုများဖြစ်ပြီး လူအသေအပျောက်များပြားခဲ့သည့်အတွက် ငရဲသို့ အမြန်လမ်းဟု နာမည်ဆိုးဖြင့် ကျော်ကြားသည့်လမ်းလည်း ဖြစ်သည်။

ယင်းယာဉ်မတော်တဆမှုဖြစ်ပွားရခြင်းမှာ မော်တော်ယာဉ်မောင်း အိပ်ငိုက်မှုကြောင့်ဟု မှတ်ယူရဖွယ်ရှိကြောင်း အဂ္ဂရာခရိုင်ရာဇဝတ်တရားသူကြီး အန်ဂျီရာဗီကူးမားက ပြောကြားသည်။



အဆိုပါ ခရီးသည်တင်ဘတ်စ်ကားသည် ဥတ္တရပရာဒေ့ရှ်ပြည်နယ် လက်ခ်နောင်းမြို့မှ မြို့တော်နယူးဒေလီသို့ ဦးတည်မောင်းနှင်လာခြင်းဖြစ်ပြီး ဇူလိုင် ၈ ရက် အရုဏ်မတက်မီတွင် အဂ္ဂရာမြို့နှင့် ကီလိုမီတာ ၂၀ (၁၂ မိုင်)ခန့်အကွာတွင် မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဂ္ဂရာမြို့သည် ကမ္ဘာကျော်တာ့ဂျ်မဟာအဆောက်အအုံတည်ရှိရာ မြို့ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် လမ်းမများပေါ်၌ ယာဉ်မတော်တဆဖြစ်မှုများကြောင့် နှစ်စဉ် လူပေါင်း ၁၅၀၀၀၀ ကျော်ခန့် သေဆုံးနေရသည်။ လမ်းများ တည်ဆောက်ပုံ၌ ချွတ်ယွင်းမှုများနှင့် ယာဉ်မောင်းများ၏မြန်နှုန်း မြင့်မားစွာမောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်။

ယမုံနာအမြန်လမ်းမသည် ၁၆၅ ကီလိုမီတာ (မိုင် ၁၀၀) ခန့် ရှည်လျားပြီး အိန္ဒိယတွင် အရှည်လျားဆုံးနှင့် အသစ်လွင်ဆုံး ခြောက်လမ်းသွားလမ်း ဖြစ်သည်။ ယင်းအမြန်လမ်းကို ၂၀၁၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအမြန်လမ်းဖွင့်လှစ်ပြီးချိန်မှ ယခုအထိ ယင်းလမ်းတွင် ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၉၀၀ ခန့် သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**အေအက်ဖ်ပီ**

# အီရန်အား ဒဏ်ခတ်ပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရန် ဥရောပအင်အားကြီးနိုင်ငံများကို အစ္စရေးဝန်ကြီးချုပ် တိုက်တွန်း

**ဂျေရုဆလင် ဇူလိုင် ၈**

အီရန်နိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများပြန်လည်ချမှတ်ကြရန် ဥရောပနိုင်ငံများမှ ခေါင်းဆောင်များအား အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ဇူလိုင် ၇ ရက်တွင် တိုက်တွန်းခဲ့သည်။ အမေရိကန်အပါအဝင် အနောက်အုပ်စုအင်အားကြီးနိုင်ငံများနှင့် အီရန်တို့အကြား သဘောတူညီမှုရရှိထားသည့် အဏုမြူဆိုင်ရာ စာချုပ်၏ ကန့်သတ်ထားမှုများထက် ကျော်လွန်၍ ယူရေနီယံသန့်စင် ထုတ်လုပ်စုဆောင်းထားပြီးဖြစ်ကြောင်း အီရန်နိုင်ငံက ထုတ်ပြန်ကြေညာခဲ့ပြီး နာရီအနည်းငယ်အကြာတွင် အစ္စရေးဝန်ကြီးချုပ်က ယင်းသို့ တိုက်တွန်းခဲ့ခြင်း ဖြစ်သည်။

အီရန်အစိုးရ၏ ထုတ်ပြန်ကြေညာချက်သည် အလွန်အန္တရာယ်ကြီးမားသည်ဟု ဇူလိုင် ၇ ရက်က ပြုလုပ်သည့် အစ္စရေးအစိုးရအဖွဲ့၏ အပတ်စဉ်အစည်းအဝေးတွင် သဘောထားတင်းမာသည့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်။ အီရန်နိုင်ငံက ယူရေနီယံများ သန့်စင်ထုတ်လုပ်စုဆောင်းနေခြင်းသည် အဏုမြူလက်နက်များ ပြုလုပ်ရေးအတွက်ဖြစ်ကြောင်း ၎င်းက စွပ်စွဲပြောကြားခဲ့သည်။ အီရန်နိုင်ငံ၏ယူရေနီယံများကို အကြောင်းပြချက်တစ်ခုတည်းဖြင့် သန့်စင်စုဆောင်းနေခြင်းဖြစ်ပြီး ယင်း၏တစ်ခုတည်းသော အကြောင်းပြချက်မှာ အဏုမြူဗုံးဖန်တီးရေးအတွက်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ကိုယ်စား ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြသည်။

၂၀၁၅ ခုနှစ်အတွင်းက အီရန်နှင့် ဥရောပ အင်အားကြီးနိုင်ငံများအကြား အဏုမြူဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံခေါင်းဆောင်များအား အီရန်ကို အရေးယူဆောင်ရွက်မှုများလုပ်ဆောင်ကြရန် အစ္စရေးဝန်ကြီးချုပ်က တိုက်တွန်းခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် ယူရေနီယံသန့်စင်မှုပမာဏကို ၂၀၁၅ ခုနှစ်က ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ပါ ပမာဏထက် ပိုမိုမြှင့်တင်လုပ်ဆောင်ခဲ့ကြောင်း အီရန်အစိုးရပြောရေးဆိုခွင့်ရှိသူက အီရန်အစိုးရပိုင်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြောကြားခဲ့ပြီးနောက် အစ္စရေးဝန်ကြီးချုပ်က ယင်းသို့ မှတ်ချက်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။

**ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံ၌ အမေရိကန်နှင့် ဩစတြေးလျတပ်ဖွဲ့ဝင်များ ပူးတွဲစစ်ရေးလေ့ကျင့်



**ဆစ်ဒနီ ဇူလိုင် ၈**

အမေရိကန်နှင့် ဩစတြေးလျတပ်ဖွဲ့ဝင်များသည် ဇူလိုင်လတစ်လျှောက်လုံး ပြုလုပ်မည့် ၎င်းတို့၏ တစ်နှစ်နှစ်ကြိမ် ပြုလုပ်လေ့ရှိသော ပူးတွဲစစ်ရေးလေ့ကျင့်မှု ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၇ ရက် ညနေပိုင်းက ဩစတြေးလျနိုင်ငံ ဘရစ်စဘန်းကမ်းရိုးတန်းတွင် အမေရိကန်၏ လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ်ရိုနာ့လ်သ်ရီဂင်ပေါ်၌ ပြုလုပ်ခဲ့သည်။

"Talisman Sabre 2019" ဟု အမည်ပေးထားသည့် အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ဗြိတိန်၊ ဂျပန်၊ နယူးဇီလန်နှင့် ကနေဒါနိုင်ငံတို့မှ တပ်ဖွဲ့ဝင်များ ပါဝင်တက်ရောက်ရန် ထည့်သွင်းစဉ်းစားထားပြီး တပ်ဖွဲ့ဝင်ပေါင်း သောင်းနှင့်ချီ ပါဝင်လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ အဓိက ရည်ရွယ်ချက်မှာ ဩစတြေးလျနှင့် အမေရိကန် နှစ်နိုင်ငံတပ်ဖွဲ့တို့၏ စစ်ဆင်ရေးဆိုင်ရာ အဆင်သင့်ဖြစ်မှုကို တိုးမြှင့်ရန်ဖြစ်သည်။

ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ဩစတြေးလျနှင့် အမေရိကန်ပြည်ထောင်စုအကြား ဆက်ဆံရေးခိုင်မာတောင့်တင်းမှုကို ဖြစ်ပေါ်စေသလို နှစ်နိုင်ငံတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု နီးစပ်မှုကိုလည်း ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်ကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီး လင်ဒါးရေနော့လ်သ်က ပြောကြားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ဩစတြေးလျနှင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၄၀၀၀ ကျော် ပါဝင်မည်ဖြစ်ပြီး အင်ဒို-ပစိဖိတ်ဒေသတစ်လျှောက်လုံးရှိ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ တပ်ဖွဲ့ဝင်များကိုလည်း ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုသို့ လာရောက်လည်ပတ်ကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

## တိဘက်ရှိ ချို့တဲ့ကောလိပ်ကျောင်းသား ကျောင်းသူများအား ကန်ဒေါ်လာ ၂၉ သန်းခန့် ထောက်ပံ့

**လာဆာ ဇူလိုင် ၈**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် လာဆာသည် ၂၀၁၂ ခုနှစ်နောက်ပိုင်း ဒေသခံ ကောလိပ်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၆၀၀၀ ကျော်ကို ထောက်ပံ့ရန် တရုတ်ယွမ် သန်း ၂၀၀ ကျော်(အမေရိကန် ဒေါ်လာ ၂၉ သန်း)မတည်ခဲ့ကြောင်း မြို့တော်ပညာရေးဗျူရိုအဖွဲ့က ပြောကြားလိုက်သည်။

ရန်ပုံငွေအများစုမှာ ဒေသန္တရအစိုးရအဖွဲ့က ထောက်ပံ့ပေးပြီး တရုတ်နိုင်ငံအခြားပြည်နယ်များရှိ အစိုးရများအပြင် လူမှုရေးရန်ပုံငွေအဖွဲ့များကလည်း ဖြည့်စွက်ထည့်ဝင်ကြောင်း လာဆာမြို့တော်ရှိ ကျောင်းသား အကူအညီပေးရေးစင်တာမှ ညွှန်ကြားရေးမှူး ကျောင်ဂန်ရောင်က ပြောကြားသည်။ ယခုနှစ် ပထမခြောက်လအတွင်း ဆင်းရဲသော မိသားစုများမှ ကောလိပ်ကျောင်းသား ကျောင်းသူ ၁၅၂ ဦးကို ယွမ် ၁ ဒသမ ၅ သန်း ထောက်ပံ့ပေးခဲ့သည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် မိဘမဲ့ ကောလိပ်ကျောင်းသား ကျောင်းသူ ၁၄၀ မှာ ယွမ် ၇၅၂၀၀၀ ရရှိခဲ့သည်။

ငွေကြေးထောက်ပံ့ပေးသည့် အစီအစဉ်တွင် ချို့တဲ့သည့် ကောလိပ်ကျောင်းသား ကျောင်းသူတိုင်း အကျိုးခံစားရစေရန် ဆက်လက်လုပ်ဆောင်မည်ဟု ၎င်းက ဆိုသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## ကိုရီးယားထိပ်တန်းဘဏ်က မြန်မာနိုင်ငံ၌ ဘဏ်ခွဲဖွင့်လှစ်ရန် ကြိုးပမ်း

**ဆိုးလ် ဇူလိုင် ၈**

ကိုရီးယားသမ္မတနိုင်ငံ၏ အကြီးဆုံးဘဏ်လေးခုအနက် တစ်ခုဖြစ်သည့် KB Kookmin ဘဏ်က မြန်မာဈေးကွက်အတွင်း ဝင်ရောက်ရန် ကြိုးပမ်းနေကြောင်း အဆိုပါဘဏ်က ယနေ့ ပြောကြားသည်။ "မြန်မာဘဏ္ဍာရေးဆိုင်ရာ အာဏာပိုင်တွေက အကြောင်းကြားစာ ထုတ်ပေးပြီးပြီးချင်း ဘဏ်လိုင်စင်လျှောက်ထားဖို့ ကျွန်တော်တို့ စီစဉ်နေပါတယ်"ဟု KB Kookmin ဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**လေ့လာရန် စိတ်ဝင်စားနေ**

၂၀၁၄ ခုနှစ် အစောပိုင်းတွင် KB Kookmin ဘဏ်က ဘဏ်လိုင်စင်လျှောက်ထားခဲ့သော်လည်း လိုင်စင်မရရှိခဲ့ပေ။ KB ဘဏ်လုပ်ငန်းအုပ်စုသည် မြန်မာနိုင်ငံ၌ ၂၀၁၇ ခုနှစ် မတ်လတွင် အသေးစားချေးငွေလုပ်ငန်း KB Finance ကို စတင်တည်ထောင်ခဲ့ပြီး လုပ်ငန်းခွဲ ၁၃ ခုဖြင့် အိမ်ရာချေးငွေများ၊ အသေးစားချေးငွေများ ဆောင်ရွက်ပေးလျက်ရှိသည်။ ဇူလိုင် ၄ ရက်တွင် မြန်မာနိုင်ငံမှ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် အခြားအဆင့်မြင့်တာဝန်ရှိသူများသည် ဆိုးလ်မြို့တော်ရှိ KB Kookmin ဘဏ်ရုံးချုပ်သို့ လာရောက်လည်ပတ်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ KB Kookmin ဘဏ်၏အဆိုအရ မြန်မာအာဏာပိုင်များသည် အိမ်ရာတည်ဆောက်ရေး ငွေကြေးမတည်မှုနှင့်ပတ်သက်၍ KB Kookmin ဘဏ်ထံမှ လေ့လာရန် စိတ်ဝင်စားနေကြောင်း သိရသည်။

**အပြိုင်အဆိုင် တိုးချဲ့**

KB Kookmin ဘဏ်သည် ၂၀၀၁ ခုနှစ်တွင် အိမ်ရာနှင့်စီးပွားရေးဘဏ်နှင့် ပေါင်းလိုက်ပြီးနောက်ပိုင်း အိမ်ရာတည်ဆောက်ရေး ငွေကြေးမတည်မှုကို အထူးဆောင်ရွက်နေသည်။ "KB Kookmin ဘဏ်က မြန်မာနိုင်ငံမှာ ဘဏ်လုပ်ငန်း စတင်လုပ်ကိုင်မယ်ဆိုရင် မြန်မာနိုင်ငံက အသေးစားချေးငွေလုပ်ငန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နိုင်ပါတယ်"ဟု ၎င်းက ပြောကြားသည်။ ကိုရီးယားနိုင်ငံရှိ ဘဏ်ကြီးများက ပင်လယ်ရပ်ခြား အထူးသဖြင့် အရှေ့တောင်အာရှဒေသရှိ အလျင်အမြန်တိုးတက်နေသည့် ထွန်းသစ်စ စီးပွားရေးနိုင်ငံများ၌ လုပ်ငန်းများအပြိုင်အဆိုင် တိုးချဲ့လျက်ရှိသည်။

KB Kookmin ဘဏ်ကလည်း ပြည်ပ၌ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နေသော်လည်း လက်ရှိအချိန်တွင် ပြည်ပ၌ ဘဏ်ခွဲအနည်းဆုံးရှိသော ကိုရီးယားဘဏ်လုပ်ငန်းအဖြစ် ရှိနေဆဲဖြစ်သည်။

**ကိုးကား-The Korea Times**

**ဘာသာပြန်-ကျော်ထိုက်စိုး**



## ဗန်ကောက်မြောက်ပိုင်း၌ BTS မိုးပျံရထား စမ်းသပ်မောင်းနှင်

**ဗန်ကောက် ဇူလိုင် ၈**

ဗန်ကောက်မြို့တော်ရှိ BTS မိုးပျံရထားစနစ်သည် ယနေ့ တိုးချဲ့ထားသော မြောက်ပိုင်းလမ်းတစ်လျှောက်၌ စမ်းသပ်မောင်းနှင်ခဲ့ကြောင်း သိရသည်။

မော်ချစ်ဘူတာရုံနှင့် လတ်ပရာအို ဘူတာရုံကြား BTS Green Line တိုးချဲ့လမ်းကြောင်းကို ပုံမှန်ခရီးဝေးစီးနင်းသူများအတွက် ဩဂုတ် ၁၁ ရက်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း BTS မိုးပျံရထားစနစ်ပြေးဆွဲသည့် Bangkok Mass Transit System Public Co., Ltd. မှ ညွှန်ကြားရေးမှူး ဆူရာပွန်က အတည်ပြုပြောကြားခဲ့သည်။ အဆိုပါ ဘူတာနှစ်ခုအကြား တစ်လကြာ စမ်းသပ်မောင်းနှင်မည်ဖြစ်ပြီး ယင်းကာလအတွင်း ခရီးသည်များကို အခမဲ့ စီးနင်းခွင့်ပြုမည်ဖြစ်သည်။ တိုးချဲ့ရထားလမ်းကြောင်းကို မော်ချစ်ဘူတာရုံမှ စီးနင်းသည့် ပုံမှန်ခရီးဝေးစီးနင်းသူ ၄၀၀၀၀ ခန့်အတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အတွင်း မော်ချစ်ဘူတာရုံမှ လတ်ပရာအိုဘူတာရုံကိုဖြတ်ကာ ကာဆတ်ဘူတာရုံအထိ၊ လာမည့်နှစ်အကုန်တွင် ပသွန်သာနီပြည်နယ်ရှိ ခူခတ်ဘူတာရုံအထိ မြောက်ဘက်သို့ ထပ်မံတိုးချဲ့သွားမည်ဟု BTS ကုမ္ပဏီဥက္ကဋ္ဌက ပြောသည်။ ဗန်ကောက်မြို့တော် သွန်ဘူရီရှိ ဘန်ဝါဘူတာရုံမှ ခူခတ်ဘူတာရုံအထိ BTS မိုးပျံရထားစီးနင်းခမှာ အများဆုံး ထိုင်းဘတ် ၆၅ ဘတ်(အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၀)သာရှိမည်ဟု ၎င်းကဆိုသည်။

**ကိုးကား--ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# တရားဝင်ထုတ်ပေးထားသည့် ဖောင်းကြွနံပါတ်ပြားများ သုံးစွဲခြင်းမပြုသည့် ယာဉ်ပိုင်ရှင်များကို မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူ

**ရန်ကုန်  ဇူလိုင်  ၈**

တရားဝင်ထုတ်ပေးထားသည့် ဖောင်းကြွနံပါတ်ပြားများ သုံးစွဲခြင်းမပြုသည့် ယာဉ်ပိုင်ရှင်များကို မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

**တရားမဝင်**

ပြီးခဲ့သည့် ဇူလိုင် ၈ ရက်က ကျင်းပသော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့တွင် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်း၏ "ရန်ကုန်တိုင်းဒေသကြီးအတွင်း အချို့မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ထုတ်ပေးသည့် ဖောင်းကြွကားနံပါတ်များအား သုံးစွဲခြင်းမပြုဘဲ စာလုံးပုံစံအမျိုးမျိုးကို ပလတ်စတစ်နှင့် အခြားအမျိုးအစားအပြားများပေါ်တွင် တပ်ဆင်အသုံးပြုထားခြင်းမှာ တရားဝင်ပါသလား၊ တရားမဝင်ပါက အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိကို သိရှိလိုကြောင်း" မေးမြန်းရာ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က အထက်ပါအတိုင်း ထည့်သွင်းပြောကြားသည်။

"ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက တရားဝင်ထုတ်ပေးထားတဲ့ ဖောင်းကြွကားနံပါတ်တွေကို သုံးစွဲခြင်းမပြုဘဲ စာလုံးပုံစံအမျိုးမျိုးကို ပလတ်စတစ်နဲ့ အခြားအမျိုးအစားအပြားတွေပေါ်မှာ တပ်ဆင်အသုံးပြုထားခြင်းမှာ တရားမဝင်ပါဘူး" ဟု ဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

သို့ဖြစ်၍ မော်တော်ယာဉ်ဥပဒေအရ ပုဒ်မ ၅၃ တွင် (က) မော်တော်ယာဉ်နံပါတ်ပြားကို မထင်ရှားအောင်ပြုလုပ်ခြင်း၊ (ခ) မော်တော်ယာဉ်နံပါတ်ပြားကို ထင်ယောင်ထင်မှားဖြစ်ရန် ပြုလုပ်ခြင်း၊ (ဂ) မမှန်မကန်သော မော်တော်ယာဉ်နံပါတ်ပြားကို မော်တော်ယာဉ်တွင် တပ်ဆင်အသုံးပြုခြင်းများ မပြုလုပ်ရဟု ပြဋ္ဌာန်းထားကြောင်း၊ မည်သူမဆို မော်တော်ယာဉ်ဥပဒေပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် မော်တော်ယာဉ်ဥပဒေပုဒ်မ ၆၁ အရ ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ကြောင်း သိရသည်။

**အရေးယူထား**

လက်ရှိ မော်တော်ယာဉ်ဥပဒေအရ အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲ (ရန်ကုန်) မှ တစ်လအတွင်း (၂၀၁၉ ခုနှစ် မေ ၁၄ ရက်မှ ဇွန် ၁၆ ရက်အထိ) စုစုပေါင်း မော်တော်ယာဉ်စီးရေ ၁၂၇ စီးနှင့် မော်တော်ဆိုင်ကယ် ၁၈ စီးကို အရေးယူထားကြောင်း ဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

**ငြိမ်းငြိမ်း**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော်  ဇူလိုင်  ၈**

မြဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီခွဲတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေ ဒေါ်ခိုင်မိုး၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၆ ပြားသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၀)ရန်ကုန်(မြောက်)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၂)ရပ်ကွက်နေ တင်ဝင်းနိုင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ညနေ ၄ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၁) ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်-ချင်းရွှေဟော်ကားလမ်းမပေါ်ရှိ ရာဘာကုန်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ကျိန်ဝေနိမ့် မောင်းနှင်ပြီး ရင်ထိုက်ယွဲ့လိုက်ပါလာသည့် Toyota Alphard အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၃၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် လေးကီလို၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၆ နာရီခွဲက မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် မိုးလုံးကျေးရွာအနီး မဘိမ်း-ငါးအိုးကားလမ်းတွင် အမျိုးသားနှစ်ဦး စီးနင်းလာသော မော်တော်ဆိုင်ကယ်ကို စစ်ဆေးရန်တားဆီးစဉ် လမ်းဘေးတောအတွင်းသို့ မောင်းနှင်ထွက်ပြေးသွားပြီး မော်တော်ဆိုင်ကယ်ကို လမ်းဘေးရှိ သစ်ပင်အောက်၌ တွေ့ရှိ၍ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဇူလိုင် ၇ ရက် နံနက် ၁၁ နာရီတွင် တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံကျေးရွာအုပ်စု ဖာတမာကုန်းကျေးရွာနေ လော်ဒါ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ပြား၊ ဘိန်းစိမ်း ၆၀ ဂရမ်နှင့်တူမီးသေနတ် နှစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရွှေဘိုမြို့တွင် ဆိုင်ကယ်စီးလာသူအား စစ်ဆေးရာမှ ရွှေထည်ပစ္စည်းများနှင့် ငွေခိုးယူမှု အမှုနှစ်မှု ဖော်ထုတ်ရမိ

**ရွှေဘို  ဇူလိုင်  ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဆိုင်ကယ်စီးလာသူတစ်ဦးအား စစ်ဆေးရာမှ ပြစ်မှုကျူးလွန်သူတို့အား ရွှေထည်၊ ငွေသားများနှင့်အတူ ဖော်ထုတ်ရမိခဲ့ ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သန့်ဇင်ထွန်းအား ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဆန်းဦးနှင့်အဖွဲ့က စစ်ဆေးခဲ့ရာ မေ ၂၅ ရက်က ရွှေဘိုမြို့မရဲစခန်းတွင် အမှတ်(၇) ရပ်ကွက်ရှိ နေအိမ်မှ ရွှေလက်ကောက် ခြောက်ကွင်းနှင့် ငွေကျပ်ခြောက်သောင်း ခိုးယူမှု ၎င်းကျူးလွန်ကြောင်း ဖော်ထုတ်ခဲ့သည်။ ခိုးယူသူ သန့်ဇင်ထွန်းနှင့် ရွှေလက်ကောက်ခြောက်ကွင်းအား အရည်ကျိုပုံဖျက်ပေးသူ အောင်ရဲကျော်(ခ)ဖိုးသား ငါးပြားပေးကျေးရွာ စဉ့်ကူးမြို့နယ်နေသူတို့နှစ်ဦးကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့ပုံဖျက်ရောင်းချထားသော ရွှေအပိုင်းအစကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စစ်ဆေးပေါ်ပေါက်ချက်အရ ရွှေဘိုမြို့အမှတ် (၁၀) ရပ်ကွက်အတွင်း နေအိမ်တစ်အိမ်အတွင်းမှ သန့်ဇင်ထွန်းက ရွှေထည်ပစ္စည်းများ ခိုးယူခဲ့ပြီး အောင်ရဲကျော် (ခ)ဖိုးသားက အရည်ကျိုပုံဖျက်ပေးကာ စဉ့်ကူးမြို့ ကျည်တောက်ပေါက်ကျေးရွာတွင် ရောင်းချထားကြောင်း ပေါ်ပေါက်၍ ယင်းရွှေအပိုင်းအစတစ်ခုကို သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ရွှေဘိုမြို့မရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**



# တာချီလိတ်မြို့ ဗိုလ်ချုပ်လမ်းမပေါ်ရှိ ရှင်းမန်(၂)ရွှေဆိုင် လုယက်ခံရ

**တာချီလိတ်  ဇူလိုင်  ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်ရှိ ရှင်းမန်(၂)ရတနာရွှေဆိုင်ကို ယနေ့နံနက် ၈ နာရီခန့်က လုယက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီခန့်၌ ဆိုင်ဝန်ထမ်းများ ဆိုင်ဖွင့်ရန်ပြင်ဆင်နေစဉ် ဆိုင်ကယ် ဦးထုပ်ဆောင်းထားသူနှစ်ဦး ဆိုင်အတွင်းဝင်ရောက်လာပြီး တစ်ဦးက သေနတ်ဖြင့် ဆိုင်ဝန်ထမ်းများအားချိန်ထားစဉ် နောက်တစ်ဦးက မှန်ဗီရိုပေါ်တက်၍ ဘယက်များထားရှိသော အကန့်ကိုဖွင့်ပြီး ရွှေဘယက်များအား လုယူထွက်ပြေးသွားကြောင်း သိရသည်။

လုယက်သူများ ဆိုင်ကယ်ဖြင့်မောင်းနှင်ထွက်ပြေးစဉ် ဆိုင်ဝန်ထမ်းတစ်ဦးက လေမှုတ်ပန်ကာဖြင့် ပြန်လည်ပစ်ပေါက်တိုက်ခိုက်ခဲ့သဖြင့် ရွှေဆွဲကြိုးနှစ်ကုံး ကျကျန်ရစ်ခဲ့ကြောင်း သိရသည်။

လုယက်မှုတွင် ရွှေဘယက်တစ်ကုံး၊ ရွှေဆွဲကြိုးတစ်ကုံးနှင့်ရွှေဆွဲပြားတစ်ပြား ပါသွားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ညောင်လေးပင်၊ ဒလ၊ ဇလွန်၊ မအူပင်၊ ပေါင်မြို့နယ်တို့၌ လေပြင်းတိုက်ခတ်

**ညောင်လေးပင်  ဇူလိုင်  ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၁)ရပ်ကွက်၌ ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီခွဲခန့်က မိုးသက်လေပြင်းကျရောက်ခဲ့သဖြင့် နေအိမ် ၇၆ လုံးခန့် အမိုးများလန်ခြင်း၊ နေအိမ်အမိုးအကာများလေထဲလွင့်ပါခြင်း၊ သစ်ပင်များပြိုလဲကျိုးကျခြင်း၊ လမ်းမီးတိုင်များ ပြိုလဲခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

**ဒလ**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ဇူလိုင် ၇ ရက် ည ၇ နာရီခွဲခန့်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သရောတန်းကျေးရွာတွင် သစ်ပင်များ ပြိုလဲကာ နေအိမ်များ၊ စပါးကျီများပေါ်သို့ ပိခြင်း၊ ရွာလယ်တံတားပေါ်သို့ လဲပြိုခြင်း၊ နေအိမ်များ၊ စာသင်ကျောင်းများ အမိုးလန်ပျက်စီးခြင်းတို့ ဖြစ်ခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

**ဇလွန်**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ခနုဘေးကျေးရွာအုပ်စု ရွာမကျေးရွာ၊ ဖားလက်ခိုကျေးရွာအုပ်စု ဖားလက်ခိုကျေးရွာနှင့် ပကွဲရေလဲကျေးရွာတို့တွင် ဇူလိုင် ၈ ရက် နံနက် ၇ နာရီခွဲခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျ၍ နေအိမ်လေးလုံးပြိုလဲခဲ့ပြီး နေအိမ်ခြောက်လုံး အမိုးလန်၍ လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

**ဝေယံ-ဇလွန်(ပြန်/ဆက်)**

**မအူပင်**

မအူပင်မြို့နယ် စစ်ချောင်းကျေးရွာအုပ်စုနှင့် နတ်စဉ်ကျေးရွာအုပ်စုများ၌ ဇူလိုင် ၇ ရက် ညနေ ၄ နာရီခွဲခန့်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် စစ်ချောင်းကျေးရွာအုပ်စု မကျီးကုန်းပိုင်းမှ နေအိမ်နှစ်လုံးပြိုပျက်၍ နေအိမ်အလုံး ၃၀ အမိုးလန်ပျက်စီးခြင်း၊ နတ်စဉ်ကျေးရွာအုပ်စု စက်ကလေးပိုင်းနှင့် အေးငြိမ်းသာယာရပ်ကွက်များမှ နေအိမ် ၃၇ လုံးပြိုပျက်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

**ဖြိုးမောင်ဇော်(မအူပင်)**



**ပေါင်**


ဇင်းကျိုက်ဆံတော်ရှင်ဘုရားမုခ်ဝအနီး ပန်းကုန်းကျေးရွာ အမှတ် (၁၅) ရပ်ကွက် ၌ ဇူလိုင် ၇ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်က ကုက္ကိုပင်ကျိုးကျပြီး လမ်းပိတ်ခဲ့ကာ နေအိမ်ခြောက်လုံးအမိုးလန်ပျက်စီးပြီး လမ်းမီးတိုင် ၄၂ တိုင် ကျိုးကျခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# အကိုင်းချိုင်ခြင်းအနုပညာ

ဂျူး

**အကိုင်းချိုင်ခြင်းအနုပညာ (The Art of Pruning) ဟူသောစကားလုံး ကျွန်မအာရုံထဲသို့ မကြာခဏ ရောက်လာတတ်နေသည်မှာ သုံး၊ လေးနှစ်ခန့် ကြာခဲ့ပါပြီ။ အနည်းဆုံးပေါ့လေ။ စင်ကာပူနိုင်ငံသို့ တစ်ခေါက်ရောက်တိုင်း စိတ်မှာ တစ်ခါရေရွတ်မိသောစကားလုံး ဖြစ်ပါသည်။ အကြောင်းမှာ စင်ကာပူနိုင်ငံမှာ လမ်းဘေးဝဲ၊ ယာရှိ သစ်ပင်ကြီးများကို သဘာဝပြတိုက်သဖွယ် စိမ်းလန်းစွာ ခန့်ညားလှပအောင် စီတန်းပြုပြင်ထိန်းသိမ်းထားသည့် မြင်ကွင်းကို အမြဲတမ်း မြင်တွေ့အားကျနေရသောကြောင့် ဖြစ်ပါသည်။ ကျွန်မတို့ဆီမှာရှိသည့် ကုက္ကိုပင်တွေမျိုးပါပဲ။ အကိုင်းတွေဖြာထွက်နေပုံက ပန်းချီလက်ရာတစ်ခုကဲ့သို့ ညီညာစွာလှပနေလိုက်တာ ရင်သပ်ရှုမောဖွယ်မြင်ကွင်းဖြစ်သည်။**




သစ်ပင်တို့ကို လူသားများ အသုံးချလာခဲ့ကြသည်မှာ ရှေးနှစ်ပေါင်းများစွာကတည်းကဖြစ်သည်။ သစ်တောတစ်ခု၏ အသုံးဝင်မှုနှင့် မြို့ရွာတို့တွင်ရှိသည့် သစ်ပင်တို့၏ အသုံးဝင်မှု မတူညီကြပါ။ သစ်တောကိုတော့ ငွေကြေးအတွက် ဘဏ်မှာအပ်နှံထားသည့် ရင်းနှီးမြှုပ်နှံမှုအဖြစ် အသုံးချကြပြီး မြို့ရွာတွေမှာတော့ အပူဒဏ်မှ အကာအကွယ်ပေးသည့် အရိပ်အဖြစ်၊ ထို့အပြင် စိမ်းလန်းသော အလှတရားအဖြစ်၊ ပန်းပွင့်သည့် အပင်အဖြစ်၊ စားသုံးရန် အသီးသီးပေးသည့် အပင်အဖြစ် အကြောင်းအမျိုးမျိုးအရ စိုက်ပျိုးလေ့ရှိကြသည်။

**ခုတ်ခွင့်ရှိသမျှခုတ်**

မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီဘဝ ၁၈၆၅ ခုနှစ်လောက်က သစ်တောဖုံးလွှမ်းသည့်မြေ ၇၅ ရာခိုင်နှုန်းရှိခဲ့သည်ဟု အငြိမ်းစားသစ်တောအရာရှိ ဦးတင်အေးက ဇွန် လ ၂၂ ရက်နေ့ ယောမင်းကြီး ဇရပ်ဆွေးနွေးပွဲမှာ ပြောခဲ့ပါသည်။ ဟိုတုန်းက နှစ်စဉ်သစ်ခုတ်ခဲ့သော်လည်း ငွေရင်းကိုမထိဘဲ ငွေတိုးကိုသာသုံးစွဲသည့် အဓိပ္ပာယ်အဖြစ် ခုတ်ခွင့်ရှိသမျှကိုသာ ခုတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။ ၂၀၁၁ ခုနှစ်တုန်းက FAO ၏ တရားဝင်ထုတ်ပြန်ချက်အရ သစ်တောဖုံးလွှမ်းဧရိယာ ၄၈ ရာခိုင်နှုန်းဟု ကျွန်မ ဖတ်ဖူးပါသည်။ ထို ၄၈ ရာခိုင်နှုန်းမှာ သစ်ပင်ရှိသော နေရာတွေဖြစ်ပြီး ထိုနေရာတွေထဲမှ တကယ့်မူလသစ်တော (Primary Forest)ရှိသည့်နေရာကတော့ ၁၀ ရာခိုင်နှုန်းသာ ကျန်တော့သည်ဟု ဖတ်ရသည်။ ၂၂ ရက်နေ့က ဆရာဦးတင်အေး ပြောသွားသည့်အထဲတွင် ၂၀၁၅ ခုနှစ်မှာ FAO ၏ ကြေညာချက်အရ သစ်တောဟုပြောနိုင်သည့် မြေ ၄၂ ရာခိုင်နှုန်း ကျန်သေးသည်တဲ့။

**သစ်ပင်တို့၏ ကျေးဇူး**

ကျွန်မသည် ကြိုးဝိုင်းထဲမှ သစ်တောသစ်ပင်တို့ကို ကားလမ်းမှ လှမ်းကြည့်နိုင်သည့် မြင်ကွင်းအဖြစ်သာ လှမ်းမြင်ရသူဖြစ်ပါသည်။ ဘယ်လောက်ကုန်သွားပြီး ဘယ်လောက်ထပ်စိုက်သလဲ။ ၂၀၁၁ ခုနှစ်တုန်းက အသစ်ပြန်စိုက်သည့် သစ်တောပမာဏ သုံးရာခိုင်နှုန်းဆိုသည့် စာရင်းဇယားမှတစ်ပါး သစ်တောများကို မမြင်နိုင်၊ မတွေ့နိုင်ပါ။ ကျွန်မမြင်နိုင်သည်က ကျွန်မတို့အိမ်အနီး၊ မြို့အနီးဝန်းကျင်မှ သစ်ပင်တွေကိုပါ။ ထင်း၊ မီးသွေးလောင်စာအဖြစ် အသုံးပြုရန်၊ လျှပ်စစ်မီးတိုင်များ သွယ်တန်းရန်၊ အကြီးစားကုန်တင်ယာဉ်များ နှစ်လမ်းလေးလမ်းသွားလာကုန်သွယ်ဖို့ အဆင်ပြေအောင် ပိုပြီးကျယ်ပြန့်သောလမ်းမကြီးများ တည်ဆောက်ဖို့၊ လမ်းချဲ့ရန်စသည့် အကြောင်းအမျိုးမျိုးဖြင့် သစ်ပင်ခုတ်နေကြသည်ကို ကျွန်မသွားရင်းလာရင်း မြင်နေရပါသည်။ သစ်ပင်ခုတ်သည့်အခါ နှမြောတသမှုမရှိ၊ မညှာမတာ ခုတ်နေသည့် မြင်ကွင်းတွေချည်းပါပဲ။ မုံရွာလမ်းဘေးက ပင်စည်တစ်ခုကို ထရက်တာပေါ်မှ ဘက်ဟိုး(Backhoe) ဟုခေါ်သည့် စက်လက်တံကြီးဖြင့် လိမ်ချိုးကာ ဖဲ့ထုတ်နေသောမြင်ကွင်းကို မနှစ်က ကျွန်မမြင်ဖူးခဲ့သည်။ အကိုင်းတွေနှင့် ပင်စည်အထက်ပိုင်းကို ချိုင်နေခြင်းဆိုတော့ မီးကြိုးသွယ်တန်းရန် ဖြစ်ပါလိမ့်မည်။ အခုလို လိမ်မချိုးဘဲနှင့် အကိုင်းတွေကို သူ့အဆစ်နှင့် အနီးဆုံးနေရာမှ တွက်ချက်ပြီး စနစ်ကျကျချိုင်လို့မရဘူးလားဟု ကျွန်မစိတ်ထဲကသာ မေးမိသည်။ အချိန်မရလို့လား။ အချိန်တိုတိုအတွင်းမှာ ပြီးစီးရန် ကန့်သတ်ထားလို့လား။ ကျွန်မပြီးခဲ့သည့် နှစ်အနည်းငယ်က အစိမ်းရောင်အမွေအနှစ်ဟူသော စာအုပ်လေးတစ်အုပ် ပြုစုခဲ့ဖူးပါသည်။ သစ်ပင်တို့၏ ကျေးဇူးကို သိတတ်စေမည့် စာအုပ်ကောင်းတစ်အုပ်(Green Inheritance)ကို ဖတ်ပြီးနောက် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့်အရာတို့ကို ထည့်သွင်းရေးသားခဲ့ခြင်းပါ။ သစ်ပင်တစ်ပင်၏ အသက်ရှင်သန်မှု၊ သစ်ပင်တစ်ပင်၏ နာကျင်မှုဒဏ်ရာတို့ကို ကျွန်မတို့ ဘယ်အချိန်ကျမှ စနစ်တကျ တွေးတောတွက်ချက်ပေးနိုင်ကြမှာပါလိမ့်။

**အပင်ကို မထိခိုက်အောင်**

ကျွန်မတို့နိုင်ငံသည် ဆင်းရဲနွမ်းပါးလွန်းလို့ ရှိသမျှလူဦးရေ အကုန်တောင် လူ့အခွင့်အရေး မရသေးတာ၊ တိရစ္ဆာန်တွေရဲ့ အခွင့်အရေးနှင့် သစ်ပင်တွေရဲ့ အခွင့်အရေးကို တောင်းဆိုဖို့အိပ်မက်သည် အဝေးကြီးမှာ ရှိနေပါသည်။ သစ်ပင်တစ်ပင်ကို ပြုစုပျိုးထောင်ရန် သစ်ပင်ကျွမ်းကျင်သူတွေကို လိုအပ်သလိုခန့်ထားသည်က စီးပွားရေး ပြေလည်သောနိုင်ငံများတွင် ပိုပြီးဖြစ်နိုင်မှာပါ။ သစ်ပင်တွေကို ထင်းအတွက်၊ လောင်စာမီးသွေးအတွက် ခုတ်နေရခြင်းအကြောင်းရင်းကို မပယ်ဖျက်နိုင်သေးသရွေ့ သစ်ခုတ်ခြင်းကို တားမြစ်သည့်ကိစ္စမအောင်မြင်နိုင်သေးပါ။ ထင်းအစားထိုးလောင်စာကို ဖြေရှင်းနည်းအဖြစ်ပေးနိုင်ဖို့ နည်းလမ်းရှာပြီးမှ အကောင်အထည်ပေါ်လာမှာမို့ပါ။ သို့သော် သစ်ပင်ကို မလိုအပ်ဘဲ မခုတ်ရန်၊ အကိုင်းချိုင်သည့်အခါ ပြီးပြီးရောမချိုင်ဘဲ အပင်ကို မထိခိုက်အောင်၊ အပင်ဒဏ်ရာမရအောင်၊ အပင် ဆက်လက်ကျန်းမာအောင် တွက်ချက်ပြီး ဆောင်ရွက်လို့ရသည်။ ကုန်ရသည့်အချိန်လည်း သိပ်မကွာလှသည်ကိုတော့ သစ်ပင်ခုတ်သူနှင့် တာဝန်ပေးအပ်သူများ စဉ်းစားကြည့်သင့်သည်ဟု ကျွန်မထင်သည်။ မြန်မာလူမျိုးတို့သည် သစ်တော သစ်ပင် ချစ်ခင်တဲ့လူမျိုး ဟူသည့် အပြောမှာ တကယ်မှန်ကန်သည်ဟု ပြစေချင်ပါသည်။

> ‘ သစ်ပင်ကို မလိုအပ်ဘဲ မခုတ်ရန်၊ အကိုင်း ချိုင်သည့်အခါ ပြီးပြီးရောမချိုင်ဘဲ အပင်ကို မထိခိုက်အောင်၊ အပင်ဒဏ်ရာ မရအောင်၊ အပင်ဆက်လက်ကျန်းမာအောင် တွက်ချက်ပြီး ဆောင်ရွက်လို့ရသည်။ ကုန်ရသည့်အချိန်လည်း သိပ်မကွာလှသည်ကိုတော့ သစ်ပင်ခုတ်သူနှင့် တာဝန်ပေးအပ်သူများ စဉ်းစားကြည့်သင့်သည်ဟု ကျွန်မထင်သည်။ မြန်မာလူမျိုးတို့သည် သစ်တော သစ်ပင် ချစ်ခင်တဲ့လူမျိုး ဟူသည့် အပြောမှာ တကယ်မှန်ကန်သည်ဟု ပြစေချင် ’

**အကိုင်းမချိုင်ရ**

ထိုစိတ်ဝင်စားမှုကြောင့်ပင် ကျွန်မနှင့် အလွန်ဝေးလှသော သစ်ကိုင်းချိုင်ခြင်းကို ကျွန်မလေ့လာကြည့်မိသည်။ ကျွန်မက ဂူးဂဲလ်ကိုလည်းအားကိုးသူဖြစ်သည်မို့ အင်တာနက်မှာ အရင်ဆုံးရှာကြည့်ပါသည်။ ပထမဆုံး စိတ်ဝင်စားမိသည့် ဝက်ဘ်ဆိုက်အမည်က Trees are Good တဲ့။ သစ်တောထဲက သစ်ပင်တို့သည် သဘာဝအလျောက်သာ အကိုင်းပြတ်၊ အကိုင်းဆက်ကြသော်လည်း မြို့ရွာများတွင် Landscaping အတွက် စိုက်ပျိုးသော သစ်ပင်တို့ကို အပင်တို့၏ ကျန်းမာရေးအတွက် မှန်ကန်စွာ၊ စနစ်ကျစွာ အကိုင်းချိုးပေးရန်လိုအပ်သည်ဟု ဆိုပါသည်။ သစ်ပင်ကို မလိုအပ်ဘဲ အကိုင်းမချိုင်ရ။ ခုတ်ပြတ်ရာတိုင်းသည် သစ်ပင်၏ ကြီးထွားမှုအပေါ် အနည်းနှင့်အများ ထိခိုက်သည်။ အကိုင်းချိုင်သည့်အခါ သစ်ပင်ကျွမ်းကျင်သူ (Arborist) တစ်ယောက်ကို ဆောင်ရွက်ခိုင်းပါတဲ့။ ထိုဝက်ဘ်ဆိုက်ကို ဖတ်နေရင်း ကျွန်မသတိရလိုက်မိသူ နှစ်ယောက်ရှိသည်။ တခြားဘယ်သူတွေ ဖြစ်နိုင်မှာလဲ။ ရန်ကုန်စည်ပင်သာယာကော်မတီအဖွဲ့ဝင် အစ်မကြီး သန်းမြင့်အောင်နှင့် မန္တလေးစည်ပင်သာယာကော်မတီ အဖွဲ့ဝင် အစ်ကိုကြီး ကျော်ရင်မြင့်တို့ပဲပေါ့။ နေရာအနှံ့အပြားမှာ အကြောင်းအမျိုးမျိုးကြောင့် သစ်ပင်သစ်ကိုင်းတွေ ချိုင်ကြတော့မည်ဆိုလျှင် သစ်ပင်၏ သက်တမ်းစေ့နေနိုင်ရေးနှင့် ကျန်းမာရေးကို ဦးစားပေးပြီး ဆောင်ရွက်ကြစေချင်ကြောင်း အစ်ကိုတို့ အစ်မတို့မှတစ်ဆင့် မေတ္တာရပ်ခံ ကြည့်ချင်လာပါသည်။

ကျွန်မ စိတ်ကူးသိပ်ယဉ်သွားမိပြီလား မသိပါ။ ။

# အမျိုးသားကျန်းမာရေးကွန်ရက် နယ်လှည့်ဆေးကုသမှုအဖွဲ့ သုံးခွမြို့နယ်ပြည်သူများအား အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေး

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ် (၃)ရပ်ကွက်ရှိ လောကမာရဇိန် ကျောင်းသစ်ကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ အမျိုးသားကျန်းမာရေးကွန်ရက်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သော နယ်လှည့်ဆေးကုသမှုအဖွဲ့က ဇူလိုင်၇ ရက် နံနက် ၈ နာရီက သုံးခွမြို့နယ်ပြည်သူများအား အခမဲ့ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါဆေးကုသခြင်းဆောင်ရွက်ရာတွင် အမျိုးသားကျန်းမာရေးကွန်ရက်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သော ခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ သားဖွားမီးယပ်၊ မျက်စိ၊ ဆီးချို၊ အရေပြား၊ သွားနှင့်ခံတွင်း၊ အရိုးအကြောအထူးကု ဆရာဝန်ကြီးများနှင့် အပ်စိုက်ကုသခြင်းများအပါအဝင် အထွေထွေရောဂါကု ဆရာများဖြင့် သုံးခွမြို့နယ်အတွင်းရှိ အလန်းကုန်းတိုက်နယ်ကျေးရွာအုပ်စု၊ လက်ပံနန်းခလဲကျေးရွာအုပ်စု၊ ကတုံးပေါ်ကျေးရွာအုပ်စုနှင့် အခြားကျေးရွာပေါင်း ၇၆ ရွာတို့မှ ပြည်သူများအား ဆေးကုသပေးကြကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းတို့က လာရောက်ဆေးကုသသည့် လူနာများအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**



# မြန်မာနိုင်ငံတွင် သွေးတိုးရောဂါဖြစ်ပွားမှု ၃၀ ရာခိုင်နှုန်းကျော်ရှိ

**ရန်ကုန် ဇူလိုင် ၈**

မြန်မာနိုင်ငံရှိ အသက် ၁၈ နှစ်အထက် လူများတွင် သွေးတိုးရောဂါဖြစ်ပွားမှုနှုန်းမှာ ၃၀ ရာခိုင်နှုန်းကျော် ရှိနေကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုပုံစံဖြင့် ဂရုပြုနေထိုင်မည်ဆိုပါက ရောဂါဖြစ်ပွားမှုမှ အတိုင်းအတာတစ်ခုထိ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဇူလိုင်၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ Melia ဟိုတယ်၌ ပြုလုပ်သည့် မြန်မာနိုင်ငံသွေးတိုးရောဂါအဖွဲ့ဖွဲ့စည်းခြင်းအခမ်းအနားမှ သိရသည်။

"အကြမ်းဖျင်း ပြောမယ်ဆိုရင်တော့ အသက် ၅၀ ကျော်ရင် တစ်ကမ္ဘာလုံးရှိ လူ ၁၀၀ မှာ ၄၀ ကျော်လောက်ဖြစ်တယ်။ မြန်မာနိုင်ငံမှာ အသက် ၁၈ နှစ် အထက်ကို လေ့လာတာ သွေးတိုးရောဂါက ၃၀ ရာခိုင်နှုန်းလောက်ရှိတယ်။ အင်မတန်များတဲ့ ပမာဏပေါ့။ သွေးတိုးရောဂါဆိုတာ ကျန်းမာရေးနဲ့ မညီညွတ်တဲ့ လူနေမှုပုံစံက ဖြစ်လာတယ်ဆိုတာပါ။ လူတိုင်းငယ်စဉ်ကနေ အသက်အရွယ်ကြီးတဲ့အထိ ဘဝတစ်လျှောက်လုံးမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ လူနေမှုပုံစံနဲ့ နေထိုင်မယ်ဆို အတိုင်းအတာတစ်ခုထိ ကာကွယ်နိုင်မှာပါ"ဟု မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံသွေးတိုးရောဂါအဖွဲ့ နာယက ပါမောက္ခဒေါက်တာနေဝင်းက ပြောသည်။

သွေးတိုးရောဂါအကြောင်းကို ပြည်သူများ ကျန်းမာရေးအသိပညာရှိစေရန်၊ သွေးတိုးရောဂါဖြစ်ပွားမှု လျော့ကျစေရန်၊ သွေးတိုးရောဂါလူနာများကို ထိရောက်သော ကုသမှုများရစေရန်နှင့် သွေးတိုးရောဂါကြောင့် နောက်ဆက်တွဲရောဂါများဖြစ်ပွားမှု လျော့ကျစေရန်၊ ကျယ်ကျယ်ပြန့်ပြန့် ထိရောက်အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်ရန် ရည်ရွယ်၍ အဆိုပါမြန်မာနိုင်ငံ သွေးတိုးရောဂါအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"သွေးတိုးရောဂါကုထုံးတွေက အချိန်အခါလိုက် တစ်နှစ်ထက်တစ်နှစ်ပြောင်းလဲနေတယ်။ ဆရာဝန်တွေအတွက် လမ်းညွှန်တွေရေးမယ်၊ ပညာပေးမယ်၊ ရောဂါလက္ခဏာတွေကိုလည်း အများပြည်သူသိဖို့ ပညာပေးဖြန့်ဝေတာတွေလုပ်မယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ်။ လုပ်စရာက အများကြီးရှိပါတယ်" ဟု ပါမောက္ခ ဒေါက်တာနေဝင်းက ပြောသည်။

သွေးတိုးရောဂါဆိုသည်မှာ ပုံမှန်ဖိအားထက်များနေသည့် သွေးပေါင်တက်သည့်အခြေအနေကို ခေါ်ခြင်းဖြစ်ပြီး သွေးတိုးရောဂါ၏ လက္ခဏာများမှာ ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ ခေါင်းမူးခြင်း၊ မောခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အမြင်အာရုံပြောင်းလဲလာခြင်း၊ ဆီးအတွင်း သွေးပါခြင်း၊ ရုတ်တရက် သတိလစ်ခြင်းတို့ ဖြစ်ကြောင်း သိရသည်။

သွေးတိုးရောဂါ ဖြစ်ပွားနေသူများသည် မိမိကိုယ်ကို သွေးတိုးရောဂါ ဖြစ်ပွားနေမှန်း မသိရှိသည့်အတွက် ဂရုမပြုမိရာမှ သွေးတိုးရောဂါ၏ ပင်မလက္ခဏာရောဂါနှင့် နောက်ဆက်တွဲရောဂါများကို ခံစားရသည့်အတွက် သွေးတိုး ရှိ၊ မရှိ သွေးပေါင်ချိန်တိုင်းခြင်း၊ လူမှုနေထိုင်မှုပုံစံပြောင်းလဲခြင်း၊ စားသောက်မှုပုံစံပြောင်းလဲခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်း၊ တတ်ကျွမ်းသည့် ဆရာဝန်နှင့် စနစ်တကျပြသကာ ဆေးဝါးများ သောက်သုံးခြင်းတို့ ပြုလုပ်သင့်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

**သီသီမင်း**

# ကျွဲ၊ နွားများ တရားဝင်တင်ပို့ရောင်းချခွင့်ရရှိရန် မြန်မာ-တရုတ် နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်နေ

မြန်မာနိုင်ငံ၏ ကျွဲ၊ နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် နိုင်ငံအတွင်းရှိ စီးပွားဖြစ်မွေးမြူရေးခြံများနှင့် တစ်ပိုင်တစ်နိုင်မွေးမြူထားသော ကျွဲ၊ နွားရှင်များအား ပြည်တွင်းစားသုံးမှုကို မထိခိုက်စေဘဲ တင်ပို့ခွင့်ပြုမည့် မူဝါဒလုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြီး ပြည်ပသို့ တရားဝင်တင်ပို့ရောင်းချခွင့်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစ၍ စမ်းသပ်ကာလတစ်နှစ်သတ်မှတ်ကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်၍ ခွင့်ပြုပေးနေကြောင်း သိရသည်။



ဒေါက်တာမောင်မောင်

ထိုသို့ တင်ပို့ရောင်းချခွင့်ပြုရာတွင် ကျွဲ၊ နွားအရင်းအမြစ်များ မပျောက်ပျက်စေရန် ထိန်းသိမ်းခြင်းနှင့် တိုးပွားလာစေရန်အတွက် အသက် ငါးနှစ်အထက် သင်းကွပ်ထားသည့် ကျွဲ၊ နွားများကိုသာ ကုမ္ပဏီများအနေဖြင့် တစ်ကြိမ် ရောင်းချခွင့်ကို အကောင် ၁၀၀ သတ်မှတ်ခွင့်ပြုပေးခြင်းဖြစ်ပြီး အဆိုပါ တင်ပို့ရောင်းချရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ယာယီစုဆောင်းရာ မှတ်ပုံတင်လျှောက်ထားခြင်း၊ တိရစ္ဆာန်ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ်ရယူရန်နှင့် ကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက်များရယူရန် မူဝါဒသတ်မှတ်ချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ကျွဲ၊ နွားများ တင်ပို့ရောင်းချမှုတွင် အသေးစိတ်လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိရှိနိုင်ရန် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာမောင်မောင်နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး- တရုတ်နိုင်ငံကို ကျွဲ၊ နွားတွေ တင်ပို့ရောင်းချခွင့်ရရှိနိုင်ဖို့ ကုမ္ပဏီတွေအနေနဲ့ လုပ်ဆောင်ရမယ့် လုပ်ငန်းတွေကို သိချင်ပါတယ်ခင်ဗျာ။**

ဖြေ- တရုတ်နိုင်ငံကို ကျွဲ၊ နွားတွေ တင်ပို့ရောင်းချနိုင်ဖို့အတွက် ကုမ္ပဏီတွေက ပထမဦးဆုံး ကျွဲ၊ နွားတွေကို ယာယီစုဆောင်းထားရှိဖို့အတွက် မိမိစုဆောင်းလိုတဲ့မြို့နယ်မှာ ခွင့်ပြုချက်ရယူဖို့ လိုအပ်ပါတယ်။ ကျွဲ၊ နွားအကောင် ၁၀၀ စုဆောင်းဖို့ မြေအကျယ်အဝန်းက တစ်ဧက ရှိရမယ်၊ အစာရေစာပြည့်စုံရမယ်၊ အဆောက်အအုံ ရှိရမယ်။ စုဆောင်းမယ့် မြေနေရာကလည်း လယ်ယာဥပဒေနဲ့ ညီညွတ်တယ်ဆိုရင် ယာယီစုဆောင်းရ မှတ်ပုံတင်ကို ထုတ်ပေးမှာဖြစ်ပါတယ်။ ဒါပြီးရင် ဒီကျွဲ၊ နွားတွေမှာ ရောဂါလေးမျိုးဖြစ်တဲ့ ခွာနာလျှာနာရောဂါ၊ ထောင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါနဲ့ လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများ ထိုးပေးပြီး ကျန်းမာသော ကျွဲ၊ နွားများဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးပါတယ်။ ဒီထောက်ခံချက်တွေရမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်ပို့ရောင်းချခွင့်ပြုတာ ဖြစ်ပါတယ်။ ဒီသတ်မှတ်ချက်တွေက ၂၀၁၇ ခုနှစ် စမ်းသပ်ကာလမှာ တင်ပို့ခွင့်ပြုတဲ့ မူဝါဒတွေဖြစ်ပါတယ်။ ဒီလိုမူဝါဒတွေနဲ့ တင်ပို့ခွင့်ပြုတာက ကျွန်တော်တို့နိုင်ငံကပဲ တရားဝင်ခွင့်ပြုတဲ့သဘောဖြစ်ပြီး တရုတ်နိုင်ငံဘက်ကတော့ တရားဝင်ဝယ်ယူခြင်း မဟုတ်ပါဘူး။

**မေး - လက်ရှိအခြေအနေမှာ တင်ပို့ခွင့်အတွက် ဘယ်လိုမူဝါဒသတ်မှတ်ချက်တွေ ပြောင်းလဲထုတ်ပြန်ထားပါသလဲ။**

ဖြေ - အရင်စမ်းသပ်ကာလမှာတော့ ကျွဲ၊ နွားတွေကို ဝယ်စုပြီး တင်ပို့ရောင်းချခွင့်ပြုခဲ့ပေမယ့် အခုပြောင်းလဲ သတ်မှတ်ထားတဲ့ မူဝါဒမှာ ကျွဲ၊ နွားတွေကို ကိုယ်တိုင်မွေးရမယ်၊ မွေးဖက်ပေးစနစ် စီမံချက်တွေတင်ပြပြီး စုဆောင်းခွင့်ကို လျှောက်ထားရပါမယ်။ လောလောဆယ်မှာတော့ တစ်ကြိမ်တင်ပို့ရောင်းချခွင့်ပြုမယ့် အကောင်အရေအတွက်ကို သတ်မှတ်ထားခြင်းမရှိသေးပါဘူး။ ပြောင်းလဲထုတ်ပြန်ထားတဲ့ မူဝါဒညွှန်ကြားချက်တွေကိုလည်း သက်ဆိုင်ရာကုမ္ပဏီတွေကို အသိပေးအကြောင်းကြားထားပြီးဖြစ်ပါတယ်။ ဒီလို သတ်မှတ်ချက်တွေ ပြောင်းလဲထုတ်ပြန်ရတာကလည်း စမ်းသပ်ကာလအတွင်းမှာ အခက်အခဲတွေ၊ ဈေးနှိမ်တာတွေဖြစ်ပေါ်နေတဲ့အတွက် စမ်းသပ်ကာလတစ်နှစ်ပြည့်ပြီးနောက်မှာ တရုတ်နိုင်ငံရဲ့လိုလားချက်အတိုင်း ပြည့်မီပြီး တရားဝင်တင်ပို့ရောင်းချနိုင်ဖို့အတွက် နှစ်နိုင်ငံတာဝန်ရှိသူတွေ အကြိမ်ကြိမ် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဘက်ကလည်း သူတို့လိုလားတဲ့ ကျန်းမာရေးကောင်းမွန်တဲ့ ကျွဲ၊ နွားတွေ တင်ပို့ရောင်းချနိုင်ဖို့အတွက် လိုအပ်မယ့် အစီအစဉ်တွေကို ချမှတ်တဲ့အနေနဲ့ အခုလိုမူဝါဒတွေ ပြောင်းလဲဆောင်ရွက်ထားတဲ့အပြင် ကွတ်ခိုင်မြို့နယ်မှာလည်း တိရစ္ဆာန်စောင့်ကြည့်စစ်ဆေးရေးစင်တာ (Animal Quarantine Station) ကို ၂၀၁၉ ခုနှစ် ဧပြီ ၂၄ ရက်မှာ ဖွင့်လှစ်ပြီး ဇွန် ၁ ရက်မှာ စပြီး ရောင်းချမယ့် ကျွဲ၊ နွားတွေရဲ့ကျန်းမာရေးကို ထပ်မံစစ်ဆေးမှုတွေ ပြုလုပ်နေပါပြီ။

**မေး - လက်ရှိအခြေအနေအရ မန္တလေးတိုင်းဒေသကြီးမှာ တရုတ်နိုင်ငံကို ကျွဲ၊ နွားတင်ပို့နေတဲ့ ကုမ္ပဏီအရေအတွက်နဲ့ ခွင့်ပြုချက်ဖြင့် တင်ပို့ရောင်းချခဲ့တဲ့ ကျွဲ၊ နွားကောင်ရေစာရင်းအခြေအနေရယ်၊ ပြောင်းလဲထုတ်ပြန်လိုက်တဲ့ တင်ပို့ခွင့်ဆိုင်ရာ မူဝါဒနဲ့အညီ လာရောက်လျှောက်ထားမှုအခြေအနေကိုလည်း သိပါရစေ။**

ဖြေ - ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးမှာ ကျွဲ၊ နွားတင်ပို့တဲ့ ကုမ္ပဏီပေါင်း ၁၀၀ ကျော်ရှိပါတယ်။ လက်ရှိခွင့်ပြုချက်နဲ့ တင်ပို့ရောင်းချပြီးတဲ့ ကျွဲ၊ နွားကောင်ရေစာရင်းကတော့ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁ ရက်ကနေ ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်အထိ ကောင်ရေ ၄၁၆၀၀ ကို တင်ပို့ရောင်းချခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ အခု ပြောင်းလဲထုတ်ပြန်ထားတဲ့ မူဝါဒနဲ့အညီ တင်ပို့ရောင်းချခွင့်လာရောက်လျှောက်ထားကြတဲ့ ကုမ္ပဏီတွေစာရင်းက ဒီနေ့အထိ လုံးဝမရှိသေးပါဘူး။ အခုတင်ပို့နေကြတဲ့ ကျွဲ၊ နွားတွေကလည်း ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ မရှိပေမယ့် အချို့တိုင်းဒေသကြီးတွေမှာ အရင်မူဝါဒအဟောင်း နဲ့ ခွင့်ပြုချက်ရရှိပြီး စုဆောင်းထားကြတဲ့ လက်ကျန်ကျွဲ၊ နွားတွေ ဖြစ်နိုင်ပါတယ်။ ဒီလို ကျွဲ၊ နွားတွေကို ပြည်ပကို တင်ပို့ရောင်းချတဲ့အခါမှာလည်း ပြည်တွင်းမှာ လက်ရှိအကောင် ရေစာရင်းနဲ့ စားသုံးမှု ဖူလုံပြီးမှသာ တင်ပို့ရောင်းချခွင့်ပြုမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ဌာနအနေနဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းက ကျွဲ၊ နွားကောင်ရေ စာရင်းတွေနဲ့ စားသုံးမှုအခြေအနေကို သိရှိစေဖို့ စစ်တမ်းတွေ ကောက်ယူနေပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလက ကောက်ယူထားတဲ့ စစ်တမ်းတွေအရ ကျွန်တော်တို့တိုင်းဒေသကြီးအတွင်းမှာ ကျွဲ၊ နွားအကောင်ရေ ၁၄ သိန်း ကျော်ရှိပါတယ်။ လက်ရှိအခြေအနေမှာလည်း တရားဝင်တင်ပို့ရောင်းချနိုင်အောင် နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုတွေ အကြိမ်ကြိမ် သွားရောက်လုပ်ဆောင်ခဲ့တဲ့နေရာမှာ တစ်ဖက်က လိုလားချက်တော်တော်များများကို သဘောတူညီမှုတွေ ရရှိထားပြီးဖြစ်တဲ့အတွက် မကြာခင်မှာ နှစ်နိုင်ငံသဘောတူစာချုပ် MoU လက်မှတ်ရေးထိုးနိုင်တော့မှာ ဖြစ်ပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ပေါင်မြို့ ဇင်းကျိုက်ရေတံခွန်၌ ရုံးပိတ်ရက်များအတွင်း လာရောက်လည်ပတ်သူများပြား



**ဇင်းကျိုက် ဇူလိုင် ၈**
မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ရှိ ကျောက်သဘော်ရေတံခွန်၌ ရုံးပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးမော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် လာရောက်လည်ပတ်သူ ဘုရားဖူးဧည့်သည်များ၊ ရေတံခွန်၌ အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားနေကြောင်း တွေ့ရသည်။

"စနေ၊ တနင်္ဂနွေရက်တွေမှာ လာရောက်သူများလို့ ဈေးပိုရောင်းရပြီး ကျန်ရက်တွေကတော့ ပုံမှန်ပဲရောင်းရပါတယ်" ဟု ရေတံခွန်အပန်းဖြေစခန်းအနီးတွင် ဖွင့်လှစ်ထားသော ဈေးဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

" ကိုယ့်ဒေသရဲ့ အထင်ကရနေရာတစ်ခုကို တခြားဒေသက ဘုရားဖူးတွေလာတဲ့အတွက် ဂုဏ်ယူရပါတယ်" ဟု ဇင်းကျိုက်မြို့မှ ဒေသခံတစ်ဦးက ပြောသည်။

မွန်ပြည်နယ်၏ ထင်ရှားသောရှေးဟောင်းသမိုင်းဝင် အထင်ကရများစွာထဲမှ ရှေးဟောင်းသမိုင်းဝင် စေတီတော်တစ်ဆူဖြစ်သည့် ကျောက်သဘော်စေတီတော်၏ ဘုရားပွဲတော်မှာ ဝါဆိုလပြည့်နေ့တွင် ဝါဆိုပန်းခူးသောပွဲတော်ကို ကျင်းပလေ့ရှိပြီး ရေတံခွန်စတင်စီးဆင်းချိန် နယုန်လမှ တန်ဆောင်မုန်းလအထိ လာရောက်လည်ပတ်သူများပြားကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

## တောင်ကိုရီးယားနိုင်ငံသို့ လုပ်ငန်းအတွေ့အကြုံရှိ တရားဝင်မြန်မာရေလုပ်သားများစေလွှတ်မည်

**ရန်ကုန် ဇူလိုင် ၈**
မြန်မာနှင့် တောင်ကိုရီးယား နှစ်နိုင်ငံချစ်ခင်ရင်းနှီးမှုပြုလုပ်သည့်အနေဖြင့် မြန်မာနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံအတွင်းရှိ ရေလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ငန်းအတွေ့အကြုံရှိ တရားဝင်ရေလုပ်သား ၃၀ အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကနဦးစေလွှတ်တော့မည်ဖြစ်ရာ မြန်မာနိုင်ငံ ရွှေဖြိုးသာကုမ္ပဏီနှင့် တောင်ကိုရီးယားနိုင်ငံ၏ အခြေစိုက်ကုမ္ပဏီဖြစ်သော ဂူလုံးဖိုကုမ္ပဏီတို့၏ ရေလုပ်သားများ စေလွှတ်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ဆီဒိုးနားဟိုတယ်၌ ဇူလိုင် ၇ ရက်နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါရေလုပ်သားများ စေလွှတ်ရန်အတွက် ကနဦးအနေဖြင့် ရေလုပ်သားလျှောက်ထားသူဦးရေ ၁၅၀ ကျော်ရှိခဲ့ပြီး ထိုအထဲမှ ငါးဖမ်းလုပ်ငန်းအတွေ့အကြုံရှိသူ ၈၀ အား ရွေးချယ်ခဲ့ကာ တောင်ကိုရီးယားနိုင်ငံရှိ သင်္ဘောပိုင်ရှင်များမှ ထပ်မံစိစစ်အင်တာဗျူး၍ လူဦးရေ ၃၀ အား စေလွှတ်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းအတွေ့အကြုံရှိ ရေလုပ်သားများအား ထပ်မံတိုးချဲ့စေလွှတ်ရန် စီစဉ်ထားကြောင်း ရွှေဖြိုးသာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်တင်တင်ဝင်းက ပြောသည်။

အဆိုပါ ရေလုပ်သားများ စေလွှတ်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ၌ မြန်မာနိုင်ငံရှိ ရွှေဖြိုးသာကုမ္ပဏီမှ ဒေါ်တင်တင်ဝင်းနှင့် တောင်ကိုရီးယားနိုင်ငံရှိ ဂူလုံးဖိုကုမ္ပဏီ Fisheries Cooperative ဥက္ကဋ္ဌ ဂင်ဂျယ်ဟွမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **ပွင့်သစ္စာ**

## ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းနည်း လက်တွေ့ကွင်းဆင်းဆောင်ရွက်

**ပန်ဆိုင်း ဇူလိုင် ၈**။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပန်ဆိုင်း(ကြူကုတ်)မြို့တွင် ဒေသခံတောင်သူများအား ငမြောင်တောင်ပိုး ဘက်စုံကာကွယ်နှိမ်နင်းနည်းနှင့် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက ပန်ဆိုင်း(ကြူကုတ်)မြို့ ကောင်းခါးကျေးရွာ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးက ငမြောင်တောင်ပိုး ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများကို ဆွေးနွေးဟောပြောသည်။ ဆက်လက်ပြီး တမာပိုးသတ်ဆေး ဖျော်စပ်နည်းများကို သင်ကြားပေးပြီး တောင်သူများက တမာပိုးသတ်ဆေးများ ပက်ဖျန်းခြင်းကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၈**
အင်ဒိုနီးရှားနိုင်ငံ၌ International Junior Golf Championship 2019 ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၈ ရက်မှ ၁၁ ရက်အထိကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့သည် ဇူလိုင် ၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအိုက်ပန်၊ ဦးမြင့်အောင်နှင့် Junior Golf Myanmar မှ ဒေါ်မြင့်မြင့်သန်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အသင်းအုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးသီဟ ဦးဆောင်ကာ Junior Golf Myanmar မှ ကစားသမားများဖြစ်ကြသော ဖြိုးဇံ၊ ကောင်းမြတ်ကျော်၊ ဇွဲထက်အောင်၊ မင်းစစ်သွေး၊ ထွန်းသူရိန်၊ မင်းသံလွင်အောင်၊ လင်းဖြိုးသူ၊ ဝေယံလင်း၊ လင်းသန့်အောင်၊ ကျော်လင်းထက်၊ သံလွင်မိုးသက်တို့ ပါဝင်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**



## (၇၂) နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**မိတ္ထီလာ**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အဆင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် (၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက အထက (၁) ခန်းမ၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲ၌ အထက်တန်းအဆင့် ၁၇ ဦး၊ အလယ်တန်းအဆင့် ၂၀ ဦး၊ မူလတန်းအဆင့် ၁၄ ဦး၊ ကဗျာပြိုင်ပွဲတွင် အထက်တန်းအဆင့် ၁၂ ဦး၊ အလယ်တန်းအဆင့် ၁၃ ဦး၊ မူလတန်းအဆင့် ကိုးဦး၊ ပန်းချီပြိုင်ပွဲတွင် အထက်တန်းအဆင့် ခုနစ်ဦး၊ အလယ်တန်းအဆင့် ၁၁ ဦး၊ မူလတန်းအဆင့် ၁၁ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၁၄ ဦး ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

**ကြာအင်းဆိပ်ကြီး**
ကြာအင်းဆိပ်ကြီးမြို့ စာပေချစ်မြတ်နိုးသူများ ဦးဆောင်ကျင်းပသော အာဇာနည်နေ့အကြိုအထိမ်းအမှတ် စာပေဟောပြောပွဲကို ဇူလိုင် ၇ ရက် ည ၈ နာရီက ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ကျင်းပသည်။

စာပေဟောပြောပွဲတွင် မောင်စိန်ဝင်း(ပုတီးကုန်း)က စာပေစကားစာပေမြားခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးဘုန်း(ခါတု)က ကဗျာလှလှ စာလှလှ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ **ကိုမျိုး(ဇမိမြေ)**

**လေးမျက်နှာ**
(၇၂)ကြိမ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် (အကြို) မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက လေးမျက်နှာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ပြိုင်ပွဲတွင် လေးမျက်နှာမြို့အမှတ် (၁) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း(ကြည်တော်စု)မှ ကျောင်းသား ကျောင်းသူ ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်ကလေးများအား မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရွှေမိုး(ပြန်/ဆက်)**

**မယ်စဲ့**
ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၇ ရက် မွန်းလွဲ ၂ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းက အကြိုလှုပ်ရှားမှုများဖြစ်သည့် ဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## သန်လျင်မြို့နယ်တွင် မွေးမြူရေးသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၈**
သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မွေးမြူရေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက စိကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုမွန်ဝင်းက ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မွေးမြူရေးသင်တန်း ဖွင့်လှစ်ပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဒေါ်သိန်းသိန်းဦးက မွေးမြူရေးဆိုင်ရာများကို သင်ကြားပို့ချရာ သင်တန်းသားသင်တန်းသူ ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## ဗီယက်နမ်အပျော်တမ်း အမျိုးသား၊ အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာကစားသမားများ ချန်ပီယံဆုအပါအဝင် အောင်မြင်မှုရရှိ

**ရန်ကုန် ဇူလိုင် ၈**

ဇူလိုင် ၄ ရက်မှ ၇ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် ဗီယက်နမ် အပျော်တမ်း အမျိုးသား၊ အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်ကစားသမားများ အောင်မြင်မှုရခဲ့ပြီး ပြည့်ဖြိုးသူသည် ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။

(၁၅) ကြိမ်မြောက် ဗီယက်နမ် အပျော်တမ်းအမျိုးသား ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် (၈) ကြိမ်မြောက် ဗီယက်နမ် အပျော်တမ်းအမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲကို ကျင်းပခဲ့ပြီး မြန်မာ ဂေါက်သီးရိုက်အဖွဲ့သည် အမျိုးသားလေးဦး၊ အမျိုးသမီး နှစ်ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကာ ချန်ပီယံတစ်ဆု၊ ဒုတိယဆုနှစ်ဆုနှင့် တတိယဆုတစ်ဆု ရရှိခဲ့ခြင်းဖြစ်သည်။ (၁၅) ကြိမ်မြောက် ဗီယက်နမ် အပျော်တမ်းအမျိုးသား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြည့်ဖြိုးသူက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ ချန်ပီယံဆုရခဲ့ပြီး လှိုင်မင်းထက်က ဒုတိယ၊ သီဟမျိုးဆက်က တတိယဆုရခဲ့သည်။


(၁၅) ကြိမ်မြောက် ဗီယက်နမ် အပျော်တမ်းအမျိုးသား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် ပြည့်ဖြိုးသူနှင့် ဆုရမြန်မာကစားသမားများကို တွေ့ရစဉ်။

မြန်မာအမျိုးသား ဂေါက်သီးရိုက်ကစားသမားများအနက် ပြည့်ဖြိုးသူ၊ လှိုင်မင်းထက်နှင့် သီဟမျိုးဆက်တို့မှာ ပြိုင်ဘက်နိုင်ငံများမှ ကစားသမားများကိုကျော်ဖြတ်ကာ ထိပ်ဆုံးသုံးဦးနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ရာဇာအောင်မှာမူ အဆင့် (၉) နေရာတွင် ရပ်တည်ခဲ့သည်။ (၈) ကြိမ်မြောက် ဗီယက်နမ် အပျော်တမ်း အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အားကစားမယ် ဖူးပွင့်ရတီခိုင်က ဒုတိယဆုရခဲ့ပြီး သင်းဝေခိုင်က အဆင့် (၆) နေရာဖြင့် ကျေနပ်ခဲ့ရသည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**



## ၂၀၁၉ အမျိုးသမီးကမ္ဘာ့ဖလား အမေရိကန်အမျိုးသမီးအသင်း ဆွတ်ခူး

၂၀၁၉ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် အမေရိကန်အမျိုးသမီးအသင်းနှင့် နယ်သာလန်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမေရိကန်အမျိုးသမီးအသင်းက နယ်သာလန်အမျိုးသမီးအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိကာ အမျိုးသမီးကမ္ဘာ့ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အမေရိကန်အမျိုးသမီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ရာပီနိုက ပွဲကစားချိန် ၆၁ မိနစ်တွင် ပင်နယ်တီသွင်းဂိုးနှင့် ၆၉ မိနစ်တွင် လာဗယ်လီက တစ်ဂိုး အသီးသီး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အမေရိကန်တိုက်စစ်မှူး ရာပီနိုသည် ၂၀၁၁၊ ၂၀၁၅ နှင့် ယခု ၂၀၁၉ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် သုံးကြိမ်ဆက်ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်သည့် ရွှေဘောလုံးဆုကိုပါ ရယူဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ အမေရိကန်အမျိုးသမီးအသင်းသည် ယခု ၂၀၁၉ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ၂၆ ဂိုးအထိသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သည့် အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ အမေရိကန်အမျိုးသမီးအသင်းသည် ကမ္ဘာ့ဖလားကို လေးကြိမ်အထိ ရယူနိုင်ခဲ့ပြီး ၁၉၉၁၊ ၁၉၉၉၊ ၂၀၁၅ နှင့် ယခု ၂၀၁၉ တို့တွင် ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

**ငွေကြယ်**

## အနုပညာ

## မူလန်ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

ကျော်ကြားတဲ့ တိုက်ခိုက်ရေးရုပ်ရှင်တစ်ခုဖြစ်တဲ့ "Mulan" ကို လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်အဖြစ် ပြန်လည်ဆန်းသစ်ရိုက်ကူးလျက်ရှိပါတယ်။ ဒီရုပ်ရှင်သစ်မှာတော့ အဓိကဇာတ်ကောင် မူလန်အဖြစ် တရုတ်မင်းသမီး လျူရီဖိုင်က ပါဝင်သရုပ်ဆောင်ထားပါတယ်။ လတ်တလောမှာတော့ အဆိုပါ လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်ကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၁၉၉၈ ခုနှစ်က ထုတ်လွှင့်ပြသချိန်မှာ အလွန်ကို အောင်မြင်ခဲ့တဲ့ မူလန်ရုပ်ရှင်ဟာ လတ်တလောမှာတော့ လိုက်ဖ်အက်ရှင်ရုပ်ရှင်အဖြစ် ပရိသတ်ရှေ့အမြည်းသဘော ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒီအစမ်းရုပ်ရှင်မှာတော့ အဓိကဇာတ်ကောင်မူလန်ဟာ မြင်းကိုစီးကာ တိုက်ခိုက်ဖို့အတွက် အသင့်ဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ အစမ်းရုပ်ရှင်မှာ မူလန်ရဲ့ မိတ်ကပ်ခြယ်သမှုအပိုင်းတွေကိုလည်း တွေ့မြင်ရပြီး သူ့ရဲ့တိုက်ခိုက်ရေးစွမ်းရည်တွေကိုလည်း ခံစားရပါတယ်။



အဆိုပါအစမ်းရုပ်ရှင်ဟာ စက္ကန့် ၉၀ ခန့်ကြာမြင့်ပေမယ့် ဒီရုပ်ရှင်မှာတော့ ယခင်ရုပ်သံဖန်တီးမှုရုပ်ရှင်မှာ ပါဝင်ခဲ့တဲ့ ဇာတ်ကောင်တစ်ခုဖြစ်တဲ့ မူရှူးပါဝင်တာကို မတွေ့ရပါဘူး။ ဒါကြောင့် အချို့သော ပရိသတ်တွေက လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်မှာ မူရှူးပါဝင်သွားမှာမဟုတ်ကြောင်း ဝေဖန်ခဲ့ကြပြီး အဲဒီလိုမပါဝင်ပါကလည်း ဝမ်းနည်းမိကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြတယ်လို့လည်း သိရပါတယ်။

မူလန်ရုပ်ရှင်ဟာ တရုတ်အမျိုးသမီးသူရဲကောင်းတစ်ဦးအကြောင်း ပုံဖော်ထားတာဖြစ်ပါတယ်။ တိုင်းပြည်ကို ကျူးကျော်လာသူများကို ယောကျ်ားလေးတစ်ဦး အသွင်ပြောင်းကာ ပြန်လည်တိုက်ခိုက်ခဲ့တဲ့ အမျိုးသမီး မူလန်အဖြစ် ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ လျူရီဖိုင်က ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ပြန်လည်ဆန်းသစ်ရိုက်ကူးသွားမယ့် လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်မှာတော့ အခြားသော ဇာတ်ဆောင်တွေအဖြစ် မင်းသား ဂျက်လီလည်း ပါဝင်ထားပြီး ဂွန်လီ၊ ဒန်နီယန်တို့လည်း ပါဝင်အားဖြည့်ထားကြောင်း သိရပါတယ်။

"Mulan" ကိုတော့ လာမယ့် ၂၀၂၀ ပြည့်နှစ် မတ် ၂၇ ရက်မှာ ကမ္ဘာတစ်ဝန်း စတင်ရုံတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့်-ရေးသားသည်**

## တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေတဲ့ NCT Dream

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "NCT Dream" ဟာ မကြာမီမှာ တေးသီချင်းသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ စီစဉ်ထားကြောင်း သိရပါတယ်။ လတ်တလောမှာတော့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေပြုလုပ်နေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၈ ရက်မှာတော့ အဖွဲ့ဝင်တွေဟာ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေတာ နောက်ဆုံးအဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်း ဒေသတွင်း မီဒီယာတစ်ခုက ရေးသားဖော်ပြခဲ့ပါတယ်။ ဒ့ါအပြင် အဖွဲ့ရဲ့တေးဗီဒီယိုသစ်ကိုလည်း ရိုက်ကူးခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။ သတင်းရင်းမြစ်တစ်ဦးရဲ့ပြောကြားချက်အရ "NCT Dream" ရဲ့တေးအယ်လ်ဘမ်သစ်ကိုတော့ ဇူလိုင်လကုန်ပိုင်းမှာ စတင်ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီသတင်းနဲ့ပတ်သက်ပြီး အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်ကလည်း "NCT Dream" ရဲ့တေးအယ်လ်ဘမ်သစ်ကို ဇူလိုင်နှောင်းပိုင်းမှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အတည်ပြုခဲ့တယ်လို့ သိရပါတယ်။



## အိုင်ယူရဲ့ ရုပ်ရှင်သစ် Hotel del Luna

တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်မှသည် သရုပ်ဆောင်နယ်ပယ်မှာပါ အောင်မြင်မှုတွေရရှိလာတဲ့ အိုင်ယူဟာ ရုပ်ရှင်တွေကို ဆက်တိုက်ဆိုသလို လက်ခံရိုက်ကူးပေးနေတာဖြစ်ပါတယ်။ လတ်တလောမှာတော့ အိုင်ယူခေါင်းဆောင်ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်သစ် "Hotel del Luna" ကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇာတ်လမ်းတွဲကိုတော့ tvN ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပြီး အိုင်ယူကတော့ ဟိုတယ်ပိုင်ရှင်တစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ အိုင်ယူနဲ့အပြိုင် ပါဝင်ထားတဲ့ မင်းသားက ယိုဂျင်းဂိုဖြစ်ပြီး ဒီဇာတ်လမ်းတွဲမှာတော့ အိုင်ယူဟာ ယခင်ပါဝင်နေကျ ဇာတ်ကောင်တွေနဲ့မတူ ကွဲပြားကာ အဝတ်အစားအပြင်အဆင်ကအစ သီးခြားဖန်တီးထားကြောင်းလည်း သိရပါတယ်။

# အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်



**ရေနံချောင်း ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ပြည့်စုံတိကျသည့် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာနိုင်ရန် လူဦးရေစာရင်းကောက်ယူခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းဆင့်ပွားသင်တန်းကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမာန်ကိုဟောက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် နိုင်ငံသားတိုင်း ပါဝင်မဲပေးနိုင်ရန် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများ မှန်မှန်ကန်ကန်ပြုစုနိုင်ရန်အတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက ရွေးကောက်ပွဲကျင်းပရာတွင် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသော နိုင်ငံသားတိုင်း ဆန္ဒမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ပါဝင်မဲရွေးချယ်ခံခွင့်ရှိကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်ပါဝင်ရန် အရေးကြီးသလို မဲပေးပိုင်ခွင့်မရှိသူများလည်း မဲစာရင်းတွင်မပါဝင်ရန်အရေးကြီးကြောင်း၊ ပြည့်စုံတိကျသည့် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာနိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ လူဦးရေစာရင်းအချက်အလက်များ ကောက်ယူခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းဆင့်ပွားသင်တန်းတွင် မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၉ အုပ်စုတို့မှ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများ စုစုပေါင်း ၁၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုစိုးကြီး**

# ထားဝယ်မြို့အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းစာကြည့်တိုက်ဖွင့်

**ထားဝယ် ဇူလိုင် ၈**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းတို့ ပူးပေါင်း၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ပြုလုပ်သော ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကို ထားဝယ်မြို့ အမှတ် (၃) အခြေခံ ပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ဇူလိုင်လပထမပတ်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနောင်က အဖွင့်အမှာစကားပြောကြားပြီး ထားဝယ်တက္ကသိုလ် စာကြည့်တိုက်မှူး ဒေါ်ယဉ်ယဉ်အေးက စာကြည့်တိုက်လုပ်ငန်းဆိုင်ရာများကို ပြောကြားသည်။ ဆက်လက်၍ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးလွင်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း (ထားဝယ်)**





# လျှပ်စစ်ဘေးအန္တရာယ် အသိပညာပေးဟောပြော

**မောက်မယ် ဇူလိုင် ၈**

ကျောင်းသား ကျောင်းသူများ လျှပ်စစ်ဘေးအန္တရာယ်ကြုံတွေ့လာပါက ဆောင်ရန် ရှောင်ရန် နည်းလမ်းများသိရှိစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ်၌ လျှပ်စစ်ဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက မောက်မယ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းလင်းထိုက်က လျှပ်စစ်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ လျှပ်ပြင်းအားများ၊ လျှပ်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့်အချက်များ၊ လျှပ်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ၊ လျှပ်လှုပ်နေစဉ်တွင် လိုက်နာရန်အချက်များနှင့် အသက်ကယ်နည်းများကို ရှင်းလင်းဟောပြောခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများနှင့်အတူ ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့် (ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသင်တန်းဖွင့်

**ရွှေတောင် ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၈ ရက် နံနက် ၈ နာရီက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် ( ၁/၂၀၁၉ ) ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၄၁ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်အတွင်း စာတွေ့လက်တွေ့သင်ကြားပေးမည့်အပြင် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို သင်ခန်းစာနှင့်သက်ဆိုင်သည့်နေရာများသို့ သွားရောက်ကာ လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# ဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးသင်တန်းဖွင့်

**ပေါက်ခေါင်း ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၁၉) ဖွင့်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဘေးအန္တရာယ်ဖြစ်ပွားပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ကြိုးချည်နည်း၊ ကြိုးဆက်နည်းများနှင့် မတော်တဆမှုများဖြစ်ပွားရာတွင် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သင်တန်းသား ၃၅ ဦးတို့အား နှစ်ပတ်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **သန်းထွန်းအောင်(ပြန်/ဆက်)**

# လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်း သင်တန်းဖွင့်

**တံတားဦး**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တိကျပြည့်စုံခိုင်မာသည့် မဲဆန္ဒရှင်များ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့ခန်းမတွင် ကျင်းပသည်။

လူဦးရေစာရင်းအချက်အလက်များ ကောက်ယူခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းသို့ တံတားဦးမြို့မ (၃) ရပ်ကွက် ကျေးရွာအုပ်စု ၆၁ အုပ်စုမှ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၊ စာရေးဝန်ထမ်းများ၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် ရာအိမ်မှူးများ စုစုပေါင်းအင်အား ၄၀၀ ခန့်တက်ရောက်ကြကြောင်း သိရသည်။

**ရဲတင့်**

**မိုင်းဆတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပြည့်စုံမှန်ကန်သည့် မဲစာရင်းပြုစုနိုင်ရေးအတွက် လူဦးရေစာရင်း အချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က မှန်ကန်သည့်လူဦးရေစာရင်းများကို ဩဂုတ်လကုန်တွင် အပြီးကောက်ယူပေးကြရန်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းတူးက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သည့် မဲစာရင်းရရှိရေး သင်တန်းပို့ချရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ခရိုင် (ပြန်/ဆက်)**

**မြင်းမူ**

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ မဲပေးပိုင်ခွင့်အပြည့်အဝရရှိစေရန်အတွက် လူဦးရေစာရင်းကောက်ယူခြင်းဆိုင်ရာ စာရင်းပြုစုခြင်း ဆင့်ပွားသင်တန်းကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက မြင်းမူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်းဆိုင်ရာ သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရာအိမ်မှူးများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စာရေးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဌာနဝန်ထမ်းများ စုစုပေါင်း ၃၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်စိုးဇေ(မြင်းမူ)**

**ကျောက်မဲ**

ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက မြို့နယ်လူဦးရေစာရင်းအချက်အလက်များကောက်ယူခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ကျောက်မဲမြို့နယ် လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် တိကျမှန်ကန်သည့် အခြေခံလူဦးရေစာရင်းအမှန်ရရှိစေရေးအတွက် တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

**ခရိုင် (ပြန်/ဆက်)**

**ပူတာအို**

လူဦးရေစာရင်းကောက်ယူခြင်းနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက ပူတာအိုမြို့ရှိ မြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

လူဦးရေစာရင်းကောက်ယူပြုစုခြင်းကို ဇွန်လမှ ဩဂုတ်လထိ သုံးလနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ဇွန်လမှ စက်တင်ဘာလထိ လေးလတာကာလ သတ်မှတ်ထားပြီး အပြီးကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းကြည် (ရေနံချောင်းမြို့)

**အသက် (၉၁) နှစ်**

ရေနံချောင်းမြို့နေ (ဦးထွန်းလှိုင်-ဒေါ်ခင်ကြီး)တို့၏သမီး၊ (ဦးချို-ဒေါ်ညင်မ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ခိုင်သဇင်(၁)လမ်း၊ (၁၉)ရပ်ကွက်၊ အမှတ်(၄၀၈)နေ (ဦးလှဖေသန်း)၏ဇနီး၊ ဦးဝင်းမောင်(ဒုရဲမှူး-ငြိမ်း)-ဒေါ်နုနုခင်၊ ဦးသံချောင်း-ဒေါ်ခင်အေးမူ(မူ/အုပ်-ငြိမ်း)၊ ဦးထင်ကျော်ကျော်(မန်နေဂျာ၊ ပစ္စည်းစီမံ-ငြိမ်း)-ဒေါ်ညိုညိုဌေး(မန်နေဂျာ၊ ဘဏ္ဍာရေး၊ ချောက်ရေနံ-ငြိမ်း)၊ ဦးသက်ဦး(Consultant, ASIA SCHUH INC)-ဒေါ်သန်းသန်းအေး၊ ဦးမြင့်စိုး(General Sales Manager-Virginia Tobacco Co.,Ltd)-ဒေါ်လှစန်း၊ ဦးတင်ထွန်းအောင်(ဒုတိယညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)-ဒေါ်အေးအေးခိုင်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၈-၇-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းကြည် (ရေနံချောင်းမြို့)

**အသက် (၉၁) နှစ်**

နေပြည်တော်နေ ဗိုလ်ကြီးသန့်ဇော်လှိုင်(မန်နေဂျာ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါက်တာသန်းသန်းစိုး (လ/ထ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ကိုထွန်းထွန်းစိုး (HR Manager, BJY Co.,Ltd)-မငြိမ်းအိဖြူ(Project Manager, GNM Co., Ltd)၊ ကိုယုဇင် (ကျန်းမာရေးမှူး)-မသီရိအောင်(ကျန်းမာရေးမှူး၊ ကျွန်းကလေး၊ လှည်းကူး)၊ ကိုသော်လွင်ထက်၊ ကိုဟိန်းနိုင်ထက်၊ ကိုရဲရင့်အောင်၊ မခင်နန္ဒာ၊ ကိုဟန်နောင်ထူး၊ မတင်ဇာအောင်၊ မောင်အုပ်စိုးမာန်၊ မောင်သာဦးဈာန်၊ မောင်သုတဉာဏ်၊ မောင်ထက်ဦးယံတို့၏ချစ်လှစွာသောအဘွား၊ မောင်စိုင်းဟန်ဘုန်းဇင်၊ မောင်ကောင်းခန့်သာတို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၈-၇-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမြေးတစ်စု

## ဒေါ်စိန်စိန်

**အသက် (၈၅) နှစ်**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ တိုက်(၂၇၀)၊ အခန်း(၆)နေ (ဦးထွန်းတင်-ဒေါ်ထွေးစိန်)တို့၏သမီး၊ (ဦးမြင့်ဦး)၏ဇနီး၊ ဦးမောင်မောင်ကြည်-ဒေါ်ထားကြည်တို့၏ညီမ၊ ဒေါ်ခင်ခင်မျိုး၏အစ်မ၊ ဦးဝင်းနိုင်ဦး(BBC-LONDON)-ဒေါ်အေးအေးမော်၊ ဦးဝင်းဇော်ဦး-(ဒေါ်ယဉ်ယဉ်ထွန်း)၊ ဒေါက်တာသဇင်ဦးတို့၏မိခင်၊ ဦးမောင်မောင်မြင့်၊ ဦးမြင့်နိုင်-ဒေါ်မြင့်တို့၏အဒေါ်၊ မောင်ဝေလင်း၊ မကြည်လဲ့ရွှန်းတို့၏ အဘွားသည် ၇-၇-၂၀၁၉ ရက် မွန်းလွဲ ၁၂း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးညွှန့်မောင်(ငြိမ်း)

**ကပစ(၆)**

**အသက်(၈၀)**

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ (၃၈)ရပ်ကွက်၊ ကင်းဝန်လမ်း၊ အမှတ်(၃၀၁)နေ (ဦးညီ-ဒေါ်သန်းကြည်)တို့၏ သား၊ (ဦးကံထူး-ဒေါ်သန်းရီ)တို့၏ သားသမက်၊ ဒေါ်စန်းမြင့်(ကစလ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးသိန်း၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးလူအေး၊ ဒေါ်မြင့်မြင့်ရီ၊ ဗိုလ်ကြီးစိုးကြည်(ငြိမ်း)၊(ဒေါ်လှလှဌေး)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ (ဦးမိုးကျော်သွင်)-ဒေါ်ခင်စန်းဦး၊ (ဦးဇော်မိုးဦး)-ဒေါ်ချိုချိုမာတို့၏မွေးသဖခင်၊ ကိုဟိန်းစံ၊ ကိုဖြိုးစံ၊ ကိုသိန်းနိုင်ဦး၊ မသင်းမြတ်နိုးတို့၏ အဘိုးသည် ၈-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသန်းအောင် (ခနုဖြူ-စံကင်း)

**အသက်(၆၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ခနုဖြူမြို့နယ်၊ စံကင်းကျောက်တိုင်ရွာနေ (ဦးဘမြိုင်-ဒေါ်ရှင်)တို့၏ သားကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်နေ (ဦးကျော်လှိုင်-ဒေါ်တင်ကြူ)တို့၏ သားသမက်၊ တိုက်(၆)၊ အခန်း(၂/က)၊ (၈)ရပ်ကွက်၊ ခေါင်ရမ်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြင့်ဦး-ဒေါ်အေးအေးမြင့်၊ ဦးစိုးမြင့်အောင်-ဒေါ်ဌေးဌေး၊ ဦးသန်းနိုင်-ဒေါ်အေးအေးမော်တို့၏ အစ်ကိုကြီး၊ ဦးကျော်သူမိုးမြင့်-ဒေါ်တင်ဇာလွင်၊ ဦးအာကာဟိန်း၊ ဦးဥက္ကာဟိန်းတို့၏မွေးသဖခင်၊ မရတီလင်းလတ်၊ မောင်သန့်သူရကျော်တို့၏အဘိုး၊ ဒေါ်သန်းသန်းဌေး၏ ချစ်လှစွာသောခင်ပွန်းသည် ၈-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးတင်မောင်ဇော် (တပ်မတော်လေ-ငြိမ်း)

**B.E Mechanical (79 Batch), OTS(61)**

**ARCTIC Engineering Co.,Ltd.**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ပန်းတနော်လမ်း၊ အမှတ်(၃၁)၊ ပထမထပ်နေ (ဦးအေးကြူ)-ဒေါ်ခင်ရီတို့၏ သား၊ ဟင်္သာတမြို့ သုံးပင်ကွင်းအလယ်လမ်းနေ ဦးသန့်ဇင်လင်း-ဒေါ်သန်းသန်းအေး၊ ဒေါက်တာတင်လေးလွင်(ပခုက္ကူတက္ကသိုလ်)၊ ဒေါ်ဇင်လေးလွင်၊ (ဦးမျိုးသန့်)တို့၏ အစ်ကိုကြီးသည် ၈-၇-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်မေရီပွင့် (ခ) နန်းတကော်ဖော

**အသက် (၇၉) နှစ်**

ရန်ကုန်မြို့ အလုံမြို့နယ်၊ ကွင်းကျောင်း(၁)လမ်း၊ တိုက်(၂၆)၊ သုံးလွှာနေ (ဦးရွှေကြာ-ဒေါ်အုန်းစိန်)တို့၏သမီး၊ (Mr.J.V.Salgado-ဒေါ်စောရင်)တို့၏ သမီးချွေးမ၊ နော်လုလု-ဦးဇင်မင်းလွင် (M.J.BI Ltd)တို့၏မိခင်၊ စောဂျွန်ပေါလ်၊ နော်သဇင်မင်းလွင်တို့၏အဘွား၊ Mr.C.B.Salgado (လ/ထ အင်ဂျင်နီယာချုပ်၊ E.P.C-ငြိမ်း)၏ ဇနီး ဒေါ်မေရီပွင့် (ခ) နန်းတကော်ဖောသည် ၇-၇-၂၀၁၉ ရက် မွန်းလွဲ ၁း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် နောက်ဆုံးပြုအပ်သောစျာပနကို အမျိုးသားခြင်းထောက်ပံ့သည့် ကရင်နှစ်ခြင်းခရစ်ယာန်သာသနာပြုအသင်း(SSKBMS) (ရန်ကုန်မြို့မအသင်းတော်ဘုရားကျောင်း)၊ ၆၂/သီတာလမ်း၊ အနောက်ပိုင်းဆေးရုံအနီး၌ ၉-၇-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဆုတောင်းဝတ်ပြုပြီး ထိန်ပင်ကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ချို

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရပ်ခြံ (၂)လမ်း၊ အမှတ် (၃၃၈/က)နေ (ဦးသိန်းအောင်-ဒေါ်သန်းတင်)တို့၏ သမီး၊ (ဦးထွန်းတင်-ဒေါ်သိန်းလှ)တို့၏ သမီးချွေးမ၊ ဦးမောင်မောင်ညွန့်-ဒေါ်နှင်းယဉ်၊ ဦးသန်းဦး-ဒေါ်ခင်ပြုံးကြည်တို့၏ အစ်မ၊ ဦးထွန်းဇော်မိုး-ဒေါ်ခင်မျိုးမြင့် (ကိုဇင်ဘို-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဒေါ်ခင်သန်းစိုး၊ (ဦးတိုးတိုးအောင်)၊ ဦးစန်းနိုင်-ဒေါ်မိုးမိုးအောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘွား၊ တူ/တူမ သုံးယောက်တို့၏ အဒေါ်၊ (ဦးမင်းအောင်)၊ ဦးသောင်းဆွေ ၏ ဇနီး သည် ၇-၇-၂၀၁၉ (တနင်္ဂနွေနေ့) ည ၆း၁၀ နာရီတွင် ကွယ်ကဘောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ နံနက် ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်ဝေ(ခ)ဒေါ်နီနီ (နတ်တလင်း)

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၁၀၇၅)နေ (ဦးကိုကို-ဒေါ်ခင်ခင်)တို့၏ သမီးကြီး၊ (ဦးလှနွယ်-ဒေါ်ခင်မြ)တို့၏ သမီးချွေးမ၊ ဦးအေးဝင်း (လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း၊ သစ်ထုတ်ရေးဌာန၊ မြန်မာ့သစ်လုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊ ကိုလင်းကျော်ထွန်း-မမေမြတ်ဖြူ၊ မဆုရည်မွန် (Singapore)၊ ကိုပြည့်ဖြိုးအောင်၊ ကိုရောင်ခြည်ငြိမ်းချမ်း-မဆုရည်လှိုင်(USA)၊ မောင်ဝင်းမင်းဖြိုးတို့၏ ချစ်လှစွာသောမိခင်၊ မောင်လင်းထက်ကျော် ($1^{st}$ Year Chemical Engineering, YTU)၊ မသက်ထက်သဒ္ဓါ (G-7(I) TTC)တို့၏ ချစ်လှစွာသောအဘွား ဒေါ်တင်တင်ဝေ(ခ)ဒေါ်နီနီသည် ၇-၇-၂၀၁၉ ရက် ညနေ ၃း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ အထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဆရာဦးကျော်ဌေး

**အသက်(၇၀)**

**မြန်မာ့လေကြောင်း(ငြိမ်း)၊ သီတဂူဗုဒ္ဓတက္ကသိုလ် (အင်္ဂလိပ်စာညွှန့်ပါမောက္ခ)**

ရန်ကုန်မြို့ အမှတ်(၈၇/က)၊ သူရလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးစံခင်)-ဒေါ်မြမြတို့၏ သားကြီး၊ (ဦးစိုးဝင်း)-ဒေါ်ခင်ဦးသွင်၊ (ဦးရဲမြင့်)-ဒေါ်ခင်ဝင်းမြင့်၊ ဦးသန်းဌေး(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အကျဉ်းဦးစီးဌာန)-ဒေါ်ဥမ္မာလှိုင်တို့၏ အစ်ကို၊ ကိုကျော်ဇောခိုင်-မခိုင်နွယ်ဦး၊ ကိုရဲလင်းအောင်-မစိုးမာလာ(ဆူဇီ)၊ ကိုဆန်းလွင်ဦး-မဝင်းကေခိုင်တို့၏ ဘကြီး၊ မခိုင်မမဇော်၊ မောင်ရဲမြတ်ထက်ဇော်၊ မောင်ဘုန်းမြင့်မြတ်သူ တို့၏ အဘိုးသည် ၈-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀း၄၅ နာရီတွင် အမှတ် (၃၃၅/၃၃၈)၊ ဘုရားလေးကွင်း၊ (၈)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ ဆေးဝါးကျွမ်းကျင်တက္ကသိုလ်အနီး၊ မြောက်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် မြောက်ဥက္ကလာပနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြောက်ဥက္ကလာပနေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ မြောက်ဥက္ကလာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်ဟိဏ်းထွဋ်ဝင့်ကောင်း

**Grade-8၊ အထက(၂) ကမာရွတ်**

**အသက် (၁၃) နှစ်**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ်(၄၁)နေ ဦးသက်လင်းဝင့်ကောင်း (ဒါရိုက်တာ၊ Real Power Co.,Ltd)-ဒေါ်သင်းသင်းခိုင်တို့၏ ချစ်လှစွာသောတစ်ဦးတည်းသောသား၊ ဦးစိန်ဟိုး-(ဒေါ်ငွေကျင်)၊ (ဦးကောင်းမြင့်)-ဒေါ်ခင်မာမာ(တရားလွှတ်တော်ရှေ့နေ)တို့၏ချစ်လှစွာသောမြေး မောင်ဟိဏ်းထွဋ်ဝင့်ကောင်းသည် ၇-၇-၂၀၁၉ (တနင်္ဂနွေနေ့) ည ၇း၅၆ နာရီတွင် ပါရမီအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (မရမ်းကုန်းမြို့နယ်၊ ၈-ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ်-၄၁ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး

## ဦးလှမောင်

**အသက်(၈၉)နှစ်**

**ရေကြောင်းပို့ဆောင်ရေး-ဒလ သင်္ဘောကျင်း (စက်ပြင်ဆရာ)**

ရန်ကုန်မြို့ အလုံမြို့နယ်၊ စက်တွင်းလမ်း၊ အမှတ်(၃၀)နေ (ဦးဆင့်-ဒေါ်ထွန်းမယ်)တို့၏ သား၊ ဒေါ်တင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးလှမြင့်)-ဒေါ်လှလှသိန်း၊ ဦးစိုးမြင့်-ဒေါ်သန်းသန်းညွန့် (ခ) ဒေါ်သင်းသင်းစု၊ ဦးကျော်ရင် - ဒေါ်မြင့်မြင့်ကြည်၊ ဆရာလေး ဒေါ်စန္ဒာထေရီ၊ ဦးသိန်းဇော်ဦး-ဒေါ်မြင့်မြင့်နိုင်၊(ဦးအောင်ကြီး)-ဒေါ်ကြည်ကြည်လွင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၃ ယောက်၊ မြစ်ငါးယောက်တို့၏အဘိုး ဦးလှမောင်သည် ၇-၇-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ဇင် (၆၁)နှစ်

**(ပုလော/မန္တလေး)**

**B.E Mechanical (1983)R.I.T**

**စက်မှုလယ်ယာ(ငြိမ်း)**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ (၂၂×၂၃) လမ်း၊ (၈၇×၈၈) လမ်းကြား၊ ထွန်းတောက်ကျော်တိုက်ခန်း၊ နံပါတ် (A/၂)နေ ဒေါ်ခင်ခင်စီ (လယ်/ပြ-ငြိမ်း)၏ခင်ပွန်း၊ မသူသူထက်ဇင်၊ မဖူးပွင့်ခိုင်ဇင် [History, COE (MU)]တို့၏ ဖခင်၊ ဗိုလ်မှူးလှမောင်အေး(ငြိမ်း)-ဒေါ်မြမြရီ (စာရင်းစစ် - ပုလောမြို့နယ်အသင်း-ရန်ကုန်)တို့၏ မောင်သည် ၈-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဦးမောင်မောင်ဇင်

**(ပုလော/မန္တလေး)**

**အသက်(၆၁)နှစ်**

**အသင်းဝင်အမှတ်-၃၆၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ (၂၂×၂၃) လမ်း၊ (၈၇×၈၈) လမ်းကြား၊ ထွန်းတောက်ကျော်တိုက်ခန်း၊ နံပါတ် (A/၂)နေ ဒေါ်ခင်ခင်စီ (လယ်/ပြ-ငြိမ်း)၏ခင်ပွန်း၊ ဗိုလ်မှူးလှမောင်အေး(ငြိမ်း)-ဒေါ်မြမြရီ(စာရင်းစစ်-ပုလောမြို့နယ်အသင်း-ရန်ကုန်)တို့၏ မောင်သည် ၈-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဒေါ်ခင်ရီမြင့် (စမ်းချောင်း)

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက် ရပ်ကွက်၊ အမှတ်(၁၀)၊ ဦးစံငြိမ်းလမ်းနေ (ဗိုလ်ကြီးသန်းမြင့်-ဒေါ်ကျင်ရီ)တို့၏ သမီး၊ ဦးဇော်ဇော်အောင်-ဒေါ်ဝင်းဝင်းရွှေတို့၏ အစ်မ၊ သာယာဝတီမြို့ ဈေးလမ်းနေ ဦးမောင်မောင်(ဆီစက်)၊ ဦးပြုံးချို-ဒေါ်သန်းသန်းဌေး၊ ဦးမြင့်လွင်-ဒေါ်စန်းစန်းရင်တို့၏ တူမသည် ၇-၇-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဆရာမကြီးဒေါ်မြသန်း(ခ)ဒေါ်အမာ (မော်လမြိုင်)

**အသက်(၉၈)နှစ်**

**လူထုပညာရေးမှူး၊ အပတ်စဉ်(၂)၊ ဘီလူးကျွန်း**

**အလက(၂)မော်လမြိုင်(ကွင်းကျောင်း)**

**ကုတ္တိုင်း အမက၊ အထက(၄)၊ တောင်ဥက္ကလာ**

မော်လမြိုင်မြို့ မောင်ငံရပ်နေ (ဦးဖိုးသင်-ဒေါ်နှင်းရင်)တို့၏သမီး၊ ဦးစစ်အိုင်(တပ်မတော်-လေ-ငြိမ်း)၊ဒေါ်သန်းသန်း၊ (ဦးလှထွန်း)-ဒေါ်နုနု၊ ဦးသန်းရွှေ(ကပရ-ငြိမ်း)-ဒေါ်ခင်ဝေကြည်(အလက-၃၊ ဗဟန်း ကျောင်းအုပ်-ငြိမ်း)၊ (ကိုမြတ်စိုး) တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်ကိုးယောက်တို့၏ဘွားဘွားကြီးသည် ၇-၇-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၆း၄၂ နာရီတွင် အမှတ်(၃၈၈)၊သူရလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉( အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၇-၂၀၁၉(စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးကြည်(ဒလ)

**အသက် (၉၇) နှစ်**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ (၄၉)လမ်း၊ အမှတ်(၇၈)၊ လေးလွှာနေ (ဦးဘိုးလူ-ဒေါ်ဖွားကင်း)တို့၏သမီး၊ [ဦးရှိန်တတ်(ခ)ဦးတတ်]၏ဇနီး၊ ဦးကျော်လွင်-ဒေါ်မာမာချို၊ ဦးဝင်းလွင်-ဒေါ်နုနုအေး(ပုသိမ်)၊ Dr.ဝင်းတင်-Dr.ခင်စောထွေး၊ ဒေါ်အေးအေးသင်းတို့၏မိခင်သည် ၇-၇-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်တင်တင်ဝေ(ခ)ဒေါ်နီနီ (၇၁)နှစ်

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၁၀၇၅)နေ (ဦးကိုကို-ဒေါ်ခင်ခင်)တို့၏ သမီးကြီး၊ (ဦးလှနွယ်-ဒေါ်ခင်မြ)တို့၏ သမီးချွေးမ၊ ရာသက်ပန်အသင်းဝင် ဦးအေးဝင်း (လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း၊ သစ်ထုတ်ရေးဌာန၊ မြန်မာသစ်လုပ်ငန်း)၏ ချစ်လှစွာသောဇနီး ဒေါ်တင်တင်ဝေ(ခ)ဒေါ်နီနီ သည် ၇-၇-၂၀၁၉ ရက် ညနေ ၃း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများလိုက်ပါပို့ဆောင်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## Capt: ဇော်မဏိ

**Master marina (F.G)**

**(J.S.M Company)**

**ပုလဲနှင့် ငါးလုပ်ငန်း**

**အသက် (၆၇) နှစ်**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိလမ်း၊ သီရိလမ်းသွယ်၊ အမှတ်(၁၃၀)နေ (ဦးကိုကိုကြီး-ဒေါ်မြသိန်း)တို့၏သား၊ (ဗိုလ်မှူးမြညိမ်း-ဒေါ်ထူးမေ)တို့၏သားသမက်၊ ဦးကျော်စွာဝင့်-ဒေါ်ရီရီလွင်တို့၏ညီ၊ ဦးဝင်းမဏိ-ဒေါ်သန်းသန်းဦး၊ ဦးချစ်ကိုကို-ဒေါ်မိုးနွယ်၊ ဒေါ်ယဉ်ယဉ်ထွေး(ဌာနခွဲမှူး-ငြိမ်း၊ မြို့တော်စည်ပင်)တို့၏အစ်ကို၊ ဦးပြည့်ဖြိုးဦး (Oiler M.V. Mercury Ocean -KCK Co:)-ဒေါ်မေမွန်ချစ်၊ ဦးဖုန်းပြည့်ဦးတို့၏ဖခင်၊ မချစ်မြတ်နိုးဦး၏အဘိုး၊ ဒေါ်ခင်ငြိမ်းနွယ်(မြန်မာ့ရေလုပ်ငန်း)၏ ချစ်လှစွာသောခင်ပွန်း ဦးဇော်မဏိသည် ၈-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၈း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှထွန်း

**လ/ထ အင်/ယာ၊ ဆလရ (ငြိမ်း)**

**အသက် (၆၇) နှစ်**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် (၂၇၃/၂၇၅)၊ (C-3)၊ ရာဇမိရာဇ်အိမ်ရာနေ (ဦးချစ်အုန်း-ဒေါ်လှဝင်း)တို့၏ သားကြီး၊ (ဦးစိန်အောင်-ဒေါ်တင်မကြီး)တို့၏သားသမက်၊ ဒေါ်ဆန်းမြင့်ဦး (ကြီး/မှူး-ငြိမ်း၊ စာတိုက်)၏ ချစ်လှစွာသောခင်ပွန်း၊ Dr.ထွန်းထွန်းဦး (ဒုညွှန်မှူး-ငြိမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး)-Dr.ခင်ချိုသင်း(ညွှန်/မှူး၊ ပညာရေးဝန်ကြီးဌာန)၊ ဦးအောင်ဖြိုးမော်(Golden Eagle Co.,Ltd)-ဒေါ်မြတ်အိမွန် (မန်နေဂျာ၊ AYA BANK)၊ ဒေါ်မြတ်အိမော်(မန်နေဂျာ-AYA MYANMAR Insurance)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်ခင်ခင်ဆွေ၊ ဦးဆန်းထွန်းအောင်၊ ဦးလှမျိုးအောင်၊ ဒေါ်မာမာဝင်း၊ ဦးဝင်းနိုင်၊ ဦးဇော်ဝင်းထွန်းတို့၏အစ်ကိုကြီး၊ မြေး နှစ်ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၈-၇-၂၀၁၉ ရက် နံနက် ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားခြင်း

## ဒေါ်စန်းစန်းတင့်

**အထက်တန်းပြဆရာမ(ငြိမ်း)၊ အထက-၂၊ လမ်းမတော် (တွံတေးမြို့)**

**အသက်(၆၀)**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ်(၈၇)နေ (ဦးချစ်ဝင်း)-ဒေါ်မြမြတို့၏ ဒုတိယသမီး၊ ဒေါ်စန်းစန်းတင့်သည် ၆-၇-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၉ (သောကြာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပီရူးကို အနိုင်ရပြီး ကိုပါအမေရိကဖလား ဘရာဇီး ဆွတ်ခူး

**ဘရာဆီးလီးယား ဇူလိုင် ၈**

၂၀၁၉ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ နောက်ဆုံး ဗိုလ်လုပွဲစဉ်အဖြစ် ဘရာဇီးအသင်းနှင့် ပီရူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘရာဇီးအသင်းက ပီရူးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကိုပါအမေရိကဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ ဘရာဇီးအသင်းသည် ကိုပါအမေရိကဖလားကို ၁၂ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဘရာဇီးအသင်းနှင့် ပီရူးအသင်းတို့၏ ပွဲစဉ်တွင် ဘရာဇီးအသင်းသည် ဖာမီနို၊ ဂျီးဆပ်၊ ကော်တင်ဟို၊ ကတ်စမဲရိုး၊ မာကွင်ဟို၊ သီယာဂို ဆေးလ်ဗား စသည့် ကစားသမားကောင်းများဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲကစားချိန် ၁၅ မိနစ်မှာ ဆိုယာရီး၏ သွင်းဂိုးဖြင့် ဘရာဇီးအသင်းက ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။

ပထမပိုင်းပွဲကစားချိန် ၄၄ မိနစ်တွင် ပီရူးအသင်းက ပင်နယ်တီရရှိခဲ့ပြီး အဆိုပါ ပင်နယ်တီကို ဂွာရီရိုက ဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ခြင်းကြောင့် ချေပဂိုးပြန်လည်ရရှိခဲ့သည်။ သို့ရာတွင် ဘရာဇီးအသင်းက ၄၅ မိနစ်တွင် ဂျီးဆပ်၏ သွင်းဂိုးဖြင့် ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။

သို့ရာတွင် ပွဲကစားချိန်မိနစ် ၇၀ တွင် ဂျီးဆပ်နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ထို့နောက် မိနစ် ၉၀ တွင် ဘရာဇီးအသင်း ပင်နယ်တီပြစ်ဒဏ်ဘောကန်ခွင့်ရရှိခဲ့ကာ ရစ်ချာလီဆင်က ကန်သွင်းခဲ့ပြီး ဘရာဇီးအသင်းက ပီရူးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**ငွေကြယ်**




ကိုပါအမေရိကဖလား ဆွတ်ခူးရရှိသည့် ဘရာဇီးအသင်းသားများ ဆုဖလားနှင့်အတူ အောင်ပွဲခံနေစဉ်။


## ကြေးမုံ ယနေ့ ဖတ်စရာ

ဓာတ်အားခအပြောင်းအလဲနှင့် သူတို့အမြင်စကားဝိုင်း — စာမျက်နှာ ၈

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ ကျင်းပ — စာမျက်နှာ ၉

ဗန်ကောက်မြောက်ပိုင်း၌ BTS မိုးပျံရထား စမ်းသပ်မောင်းနှင် — စာမျက်နှာ ၁၃

ကျွဲ၊ နွားများ တရားဝင်တင်ပို့ရောင်းချခွင့်ရရှိရန် မြန်မာ-တရုတ် နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်နေ — စာမျက်နှာ ၁၆

၂၀၁၉ အမျိုးသမီးကမ္ဘာ့ဖလား အမေရိကန်အမျိုးသမီးအသင်း ဆွတ်ခူး — စာမျက်နှာ ၁၉


# မြန်မာ ယူ-၁၈ အသင်း ဂျပန်နိုင်ငံ၌ ခြေစမ်းပွဲသုံးပွဲ ကစားမည်

**ရန်ကုန် ဇူလိုင် ၈**

ဩဂုတ်လတွင် ကျင်းပမည့် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် မြန်မာ ယူ-၁၈ အသင်းသည် ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအဖြစ် ဂျပန်နိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းတွင် နည်းပြချုပ် ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြ-ဦးမင်းမင်းထွန်း၊ **ဂိုးနည်းပြ**-ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုးသမား**-ပြည့်ဖြိုးသူ၊ နေလင်းထက်၊ စောထက်၊ **နောက်တန်း**-ဉာဏ်လင်းထက်၊ ဝေယံစိုး၊ သက်ဟိန်းစိုး၊ မျိုးကိုကိုလင်း၊ စောထောနေမူး၊ စည်သူမိုးခန့်၊ ရှင်းသန့်အောင်၊ ကောင်းခန့်ကျော် (၁)၊ ရဲထက်အောင်၊ **အလယ်တန်း**-ရန်ကျော်စိုး၊ နောင်နောင်စိုး၊ ရန်နိုင်လင်း၊ ဇော်ဝင်းသိန်း၊ ရဲမင်းကျော်၊ လမင်းထွေး၊ ဩဘာခ၊ မိုးဆွေ၊ အောင်ကိုဦး၊ သူရအောင်၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ **ရှေ့တန်း**-စောကျော်အဲ၊ ညီညီ၊ ကောင်းခန့်ကျော်(၂)နှင့် ကောင်းဇင်မိုးတို့ ပါဝင်နေသည်။

### စတင်ထွက်ခွာမည်

မြန်မာ ယူ-၁၈ အသင်းသည် ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ကလပ်အသင်း၊ တက္ကသိုလ်အသင်းများနှင့် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဇူလိုင် ၁၆ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာမည်ဖြစ်ပြီး ဇူလိုင် ၁၇ ရက်တွင် ဂျပန်နိုင်ငံ၌ စတင်လေ့ကျင့်ကာ ပထမဆုံးခြေစမ်းပွဲအဖြစ် ဇူလိုင် ၁၈ ရက်တွင် ဆီရိုဇိုအိုဆာကာ ယူ-၁၈ အသင်းနှင့် စတင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် နောက်ထပ်ခြေစမ်းပွဲများအဖြစ် ဇူလိုင် ၂၁ ရက်တွင် အိုဆာကာဆန်ဂျိုတက္ကသိုလ်အသင်း၊ ဇူလိုင် ၂၄ ရက်တွင် ဟာနန်တက္ကသိုလ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွှန့်**



မြန်မာ ယူ-၁၈ အသင်း လေ့ကျင့်နေစဉ်။